# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၄၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စား လှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း | ၄ |
| ၇ | ဆားလင်းကြီးမြို့နယ်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာဖျူရစ်အက်စစ် စက်ရုံလည်ပတ်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ဆိုးရွားစွာအန္တရာယ်ဖြစ်စေ၍ စက်ရုံကို လွတ်ကင်းရာနေရာသို့ ပြောင်းရွှေ့ပေးရန်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၈ | လှိုင်မြို့နယ်၊ မြို့နယ်အားကစားရုံအား မြို့နယ်နေပြည်သူများ အသုံးပြုခွင့်ရရှိရေးပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | လျှပ်စစ်ကဏ္ဍအရှုံးဖြစ်ပေါ်နေမှုကာမိစေမည့် အစီအစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ ဒီဇယ် အင်ဂျင်စက်သုံးစွဲသည့် မြို့များနေရာမှ ဓာတ်အားလိုင်းဖြင့် အစားထိုးဆောင်ရွက်မည့် အစီအစဉ်များ၊အစားထိုးပြီးနေရာ မြို့ရွာများမှ ဒီဇယ်အင်ဂျင်စက်များကို ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် အစိုးရသစ် ငါးနှစ်ကာလအတွင်း လျှပ်စစ် | ၁၅ |

| | | |
|---|---|---|
| | ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်မည့်အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၀ | EIA/SIA/HIA/EMP ကို လုံးဝဆောင်ရွက်ခြင်းမရှိဘဲ သစ်တောကြိုး ဝိုင်းအတွင်းရှိ အပင်များကို ခုတ်ထွင်ရှင်းလင်းပြီး ရှင်းလင်း ဆောင်နှင့် အဆောက်အဦပေါင်းများစွာ ဆောက်လုပ်ပြီးစီးနေမှုသည် မည်သည့် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပြီး မည်သူ့တွင်တာဝန်ရှိနေခြင်းနှင့် မည်သို့ အရေးယူ ဆောင်ရွက်ပေးမည်၊ ဤကိစ္စရပ်အပေါ် တရားဝင်ဆောင် ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်နယ်အစိုးရ၏ ဤကိစ္စအပေါ် ပါဝင်စီမံခန့်ခွဲထားမှုအခြေအနေကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၉ |
| ၁၁ | ဖောင်းပြင်းမြို့နယ်ရှိ တီလောင်ချောင်းအား ရေအားလျှပ်စစ် ထုတ်ယူ နိုင်ရေးအတွက် ပဏာမ Survey လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၂၆ |
| ၁၂ | မြန်မာနိုင်ငံတွင် (၁၂) လကာလအတွင်း လျှပ်စစ်မပြတ်တောက်စေရန် လျှပ်စစ်ထုတ်လုပ်ရေးအပိုင်းတွင် Generation Mix Plan အား မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၂၈ |
| ၁၃ | ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသ တွင် လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်မီးလင်းရေး ကော်မတီ ဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့် ပတ်သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန်သင့်/မသင့် အဆုံးအဖြတ်ရ ယူခြင်း | ၃၅ |
| ၁၄ | ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ | ၄၂ |

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

၁၅ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၄၉

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၂

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၄၅)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၆–၈–၂၀၁၇ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ဆားလင်းကြီးမြို့နယ်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာဖျူရစ်အက်စစ် စက်ရုံလည်ပတ်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် တို့ကို ဆိုးရွားစွာ အန္တရာယ်ဖြစ်စေ၍ စက်ရုံကို လွတ်ကင်းရာနေရာသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **လှိုင်မြို့နယ်၊ မြို့နယ် အားကစားရုံအား မြို့နယ်နေ ပြည်သူများ အသုံးပြုခွင့် ရရှိရေး ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **လျှပ်စစ်ကဏ္ဍ အရှုံးဖြစ်ပေါ်နေမှု ကာမိစေမည့် အစီအစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ ဒီဇယ် အင်ဂျင်စက် သုံးစွဲသည့် မြို့များနေရာမှာ ဓာတ်အားလိုင်းဖြင့် အစားထိုး ဆောင်ရွက်မည့် အစီအစဉ်များ၊ အစားထိုးပြီးနေရာ မြို့ရွာများမှ ဒီဇယ်အင်ဂျင်စက်များကို ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် အစိုးရသစ် (၅)နှစ်ကာလအတွင်း လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာရေး ဆောင်ရွက်မည့် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **EIA/SIA/HIA/EMP ကို လုံးဝဆောင်ရွက်ခြင်းမရှိဘဲ သစ်တောကြိုးဝိုင်းအတွင်းရှိ အပင်များကို ခုတ်ထွင်ရှင်းလင်းပြီး ရှင်းလင်းဆောင်နှင့် အဆောက်အဦပေါင်း များစွာ ဆောက်လုပ်ပြီးစီးနေမှုသည် မည်သည့်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပြီး မည်သူ့တွင် တာဝန်ရှိနေခြင်းနှင့် မည်သို့ အရေးယူ ဆောင်ရွက်ပေးမည်၊ ဤကိစ္စရပ်အပေါ် တရားဝင် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပြည်နယ်အစိုးရ၏ ဤကိစ္စရပ်အပေါ် ပါဝင်စီမံ ခန့်ခွဲထားမှု အခြေအနေကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ဖောင်းပြင်မြို့နယ်ရှိ 'တီလောင်ချောင်း' အား ရေအားလျှပ်စစ် ထုတ်ယူနိုင်ရေးအတွက် ပဏာမ Survey လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် (၁၂)လ ကာလအတွင်း လျှပ်စစ်မပြတ်တောက်စေရန် လျှပ်စစ်ထုတ်လုပ်ရေး အပိုင်းတွင် Generation Mix Plan အား မည်ကဲ့သို့ စီမံဆောင်ရွက် ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီ ဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့် ပတ်သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့်**

**စွမ်းအင်ဝန်ကြီးဌာန လက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(ခ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ဂ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး
## (၄၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၆ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးပိုက်ကို(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးပိုက်ကို၊ ပခုက္ကူမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊

(၂) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်၊

(၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၄) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၅) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၃ ရက်၊

(၆) မိုးမြိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊

(၇) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၃ ရက်၊

(၈) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၉) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၁ ရက်၊

(၁၀) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၁၁) မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ခွင့် ၂ ရက်၊

(၁၂) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၁၃) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၂ ရက်၊

(၁၄) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၁ ရက်၊

(၁၅) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၃ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၁ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးသန်းဦးလွင် ခွင့် ၁ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ခွင့် ၁ ရက်၊

(၁၉) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၂ ရက်၊

(၂၀) ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၂၁) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွဲ့အေး ခွင့် ၁ ရက်၊

(၂၂) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၃ ရက်နှင့်

(၂၃) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆားလင်းကြီးမြို့နယ်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာဖျူရစ်အက်စစ်စက်ရုံလည်ပတ်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ဆိုးရွားစွာအန္တရာယ်ဖြစ်စေ၍ စက်ရုံကို လွတ်ကင်းရာနေရာသို့ ပြောင်းရွှေ့ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသောပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းရမယ့်မေးခွန်းကတော့ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းကျေးရွာအနီးရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ရဲ့ မိုးကြိုးဆာဖျူရစ်အက်စစ်စက်ရုံလည်ပတ်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝ

ပတ်ဝန်းကျင်တို့ကို ဆိုးရွားစွာအန္တရာယ်ဖြစ်စေ၍ ဒေသခံပြည်သူများမှ စက်ရုံပြောင်းရွှေ့ပေးရန် တောင်းဆိုထားမှုအပေါ် အဆိုပါစက်ရုံကို ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် MICCL ခေါ် Myanmar Ivanhoe Copper Co.,Ltd မှ ကြေးနီတူးဖော်စဉ်က ငရဲမီးကို နိုင်ငံခြားမှ တင်သွင်းပါတယ်။ ဆိုလိုတာကတော့ ငရဲမီးစက်ရုံနဲ့ ကြေးနီစီမံကိန်းတို့ နီးချင်းဝေးချင်းသည် အဓိကမဟုတ်ဘဲ ပြည်သူများနှင့် လွတ်ကင်းရာ တစ်နေရာ တွင် တည်ဆောက်သင့်ကြောင်းကို တင်ပြခြင်းပဲဖြစ်ပါတယ်။ ယခု မိုးကြိုးဆာဖျူရစ်စက်ရုံသည် ယခင် မဆလအစိုးရလက်ထက်က ရွှေ့ပြေးစက်ရုံ တန် ၅၀ ကျကြေးနီကျိုချက်စက်ရုံနေရာဖြစ်ပါတယ်။ ငရဲမီးစက်ရုံ မဟုတ်ပါ။ ဒီနေရာမှာ ဖိနပ်စက်ရုံလိုလို၊ အထည်စက်ရုံလိုလို သတင်းများကြားပြီးမှ ငရဲမီး စက်ရုံ ဖြစ်သွားတာပါ။ ကံကုန်းရွာနှင့် မော်တော်ကားလမ်းသာခြားပြီး ရွာနှင့်ကျောင်းရဲ့တောင်ဘက် ခြမ်းမှာ ရှိပါတယ်။ မိုးကြိုးဆာဖျူရစ် အက်စစ်စက်ရုံကို ၂၀၀၇ ခုနှစ်တွင် စတင်ပြီး ၂၀၁၃ ခုနှစ်အထိ တရားမဝင်လည်ပတ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကျမှ စုံစမ်းစစ်ဆေးရေးကော်မရှင်ရုံးအစီရင်ခံစာထွက်မှ သာ စမ်းသပ်လည်ပတ်ခွင့်ဆိုပြီးတော့ ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးကြိုးဆာဖျူရစ်အက်စစ်စက်ရုံသည် အောက်ပါဥပဒေပုဒ်မများနှင့်ငြိစွန်း ကြောင်း တွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ နိုင်ငံတော်သည် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ အခြေခံဥပဒေပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ) နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၄၁ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တားမြစ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဖြစ် သတ်မှတ်သည်။ ပုဒ်မခွဲ(ဃ)ပြည်သူတို့အပေါ် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊ ပုဒ်မခွဲ(င)သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ကြီးမားစွာထိခိုက်ပျက်စီးစေနိုင် သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စသဖြင့် ဥပဒေတွေရှိပါတယ်။ တကယ်တမ်းဆိုရင် ဥပဒေ၊ နည်းဥပဒေတစ်ချက်ငြိရုံနဲ့ပဲ ပြောင်းရွှေ့ပေးရမယ့်ကိစ္စဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒါကတော့ မြန်မာ့ စီးပွားရေးပိုင်လီမိတက် မိုးကြိုးဆာဖျူရစ်အက်စစ်စက်ရုံရဲ့ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ မိုးကြိုး ဆာဖျူရစ်အက်စစ်စက်ရုံလည်ပတ်နေတာဖြစ်ပါတယ်။ ဒါကတော့ မိုးကြိုးဆာဖျူရစ်အက်စစ်စက်ရုံကို နေ့ခင်းဘက်မှာတွေ့ရတဲ့ပုံဖြစ်ပါတယ်။ အနံ့ဆိုးတွေထွက်တယ်ဆိုလို့ တာဝန်ရှိတဲ့သူများ သွားရောက်

လေ့လာကြတာပါ။ အဲဒီမှာ နှာခေါင်းစီးတွေနဲ့ တွေ့ရမှာဖြစ်ပါတယ်။ အတူတူပါပဲ။ ဒါက အနံ့ဆိုးထွက်တုန်းက တာဝန်ရှိတဲ့သူတွေလေ့လာကြတာပါ။ ဒါကတော့ စိုက်ပျိုးခင်းတွေ အက်စစ်ငွေ့ကြောင့်ပျက်တဲ့ပုံ ဖြစ်ပါတယ်။ ကြက်သွန်ခင်းဖြစ်ပါတယ်။ စောစောကလို အခင်းတွေကတော့ အက်ဆစ်ငွေ့ကြောင့် ကြက်သွန် ခင်း၊ ပဲခင်း၊ နှမ်းခင်း၊ ခရမ်းချဉ်းခင်းတို့ ပျက်ကြပါတယ်။ ဒါကတော့ ကံကုန်းရွာမှာရှိတဲ့ အထက်တန်း ကျောင်းရဲ့တမာပင်ကြီးဖြစ်ပါတယ်။ တမာပင်ကြီးကလည်း အဲဒီမှာ ဝါနေတာဟာ သဘာဝကြောင့် မဟုတ်ပါဘူး။ အဲဒီအက်ဆစ်ငွေ့ကြောင့်ဝါနေခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ရဲ့တာဝန်ရှိတဲ့ပုဂ္ဂိုလ်များနဲ့ ကျွန်တော် တွေ့ဆုံဖူးပါတယ်။ တချို့လည်း ဝန်ထမ်းဘဝကမိတ်ဆွေများဖြစ်ခဲ့ကြပါတယ်။ အဆင့်အတန်းရှိတဲ့၊ စာနာထောက်ထားတတ်တဲ့ လူကြီးလူကောင်းတွေ၊ တကယ့် Gentlemen တွေဖြစ်ကြပါတယ်။ အခုလို အက်ဆစ် စက်ရုံရဲ့အဖြစ်မှန်ကိုသာသိရင် ဒီအတိုင်းကြည့်မနေဘူးဆိုတာလည်း ယုံကြည်ပါတယ်။ ဒါကြောင့်မို့လည်း ဒီစက်ရုံကိုပြောင်းရွှေ့ရန် အစီအစဉ်ရှိ/မရှိမေးမြန်းရခြင်းဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီး ထံတင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသ ကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းသိန်းဇော်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်ဟာ မိုးကြိုးဆာဖျူရစ်အက်စစ်စက်ရုံ(ဆားလင်းကြီး)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ NORINCO ကုမ္ပဏီမှ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်တွင် စာချုပ်ချုပ်ဆို၍ ၂၀၀၆ ခုနှစ်၊ မေလ ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်မှ စတင်လည်ပတ်ဆောင်ရွက်

ခဲ့ပြီး တစ်ရက်လျှင် ဆာလဖျူရစ်အက်စစ်တန် ၅၀ ထုတ်လုပ်နိုင်တဲ့ အမေရိကန်ဒေါ်လာ ၅ သန်းဖြင့် ရင်းနှီးမြှုပ်နှံထားရှိသော စက်ရုံဖြစ်ပါတယ်။

စက်ရုံမှထုတ်လုပ်သော ဆာလဖျူရစ်အက်စစ်များအား လက်ပံတောင်းတောင်၊ စပယ်တောင်နှင့် ကြေးစင်တောင်တို့ရဲ့ ကြေးထုတ်လုပ်ရာတွင် အသုံးပြုခြင်းဖြစ်ပြီးတော့ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းမှ ရရှိသော အကျိုးအမြတ် ၅၁ ရာခိုင်နှုန်းအား နိုင်ငံတော်မှ ရရှိခံစားနေခြင်းဖြစ်သည့် စက်ရုံသည် နိုင်ငံတော်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်း ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိတဲ့စက်ရုံတစ်ရုံဖြစ်ပါတယ်။

စက်ရုံတည်ဆောက်မှု Design အရ Double Conversion (3+2 Stage) နှင့် Double Absorption စနစ်မှာ လက်ရှိကမ္ဘာပေါ်တွင် နောက်ဆုံးအသုံးပြုဆောင်ရွက်နေသော နည်းပညာ ဖြစ်ပြီး ၉၉.၉၅ ရာခိုင်နှုန်းအထိ ဆာလဖျူရစ်အက်စစ်ထုတ်လုပ်နိုင်ပါတယ်။ ပြင်ပလေထုသို့ SO2 နှင့် So3 Gas များအား ခေါင်းတိုင်မှ တိုက်ရိုက်စွန့်ပစ်ခြင်းမပြုလုပ်ဘဲ နိုင်ငံတကာစံချိန်စံညွှန်းဖြစ်တဲ့ 150 ppm ထက်မများစေရန်အတွက် Efficiency ပိုမိုကောင်းမွန်သည့် Tail gas Treatment unit အား အမေရိကန်ဒေါ်လာ ၁၇၈၀၀၀ ဖြင့် ပြည်ပမှ ဝယ်ယူတပ်ဆင်အသုံးပြုလျက်ရှိပြီး SO2 နှင့် SO3 ပါဝင်မှုများကို Treatment ပြုလုပ်ပြီးမှသာ လေထုထဲသို့ စွန့်ပစ်သည့်စနစ်ဖြင့် တည်ဆောက်ထား ခြင်းဖြစ်ပါတယ်။

မိုးကြိုးဆာဖျူရစ်စက်ရုံနှင့်ပတ်သက်ပြီး လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အကြံပြုချက်ကို ဆက်လက်တင်ပြပါမယ်။ လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ စုံစမ်းရေးကော်မရှင်အဖွဲ့ဟာ စက်ရုံကို ၁၃-၃-၂၀၁၃ ခုနှစ်တွင် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီးတော့ ၎င်းအဖွဲ့ရဲ့အပြီးသတ်အစီရင်ခံစာတွင်ပါရှိသော လက်ပန်း တောင်းတောင်ကြေးနီစီမံကိန်းကြောင့် လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ အပိုဒ် ၈၂ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် ၂၉ အရ မိုးကြိုးဆာဖျူရစ်အက်ဆစ် စက်ရုံနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုထားပါတယ်။

(က) မိုးကြိုးဆာဖျူရစ်အက်ဆစ်စက်ရုံမှ စွန့်လွှတ်သောအငွေ့တွင် ဆာလဖာဒိုင်အောက်ဆိုဒ် ပါဝင်မှုကို နိုင်ငံတကာစံချိန်စံနှုန်းဖြစ်သည့် 150 PPM-Part Pound Million ထက်မများစေရန်၊ သတ်မှတ်ထိန်းချုပ်၍ စွန့်ထုတ်ရန်နှင့် စက်ရုံအနေဖြင့် နိုင်ငံတကာပြဋ္ဌာန်းချက်များ စံချိန်စံညွှန်းများ

နှင့်အညီ ISO Certificate များလည်း ရယူသင့်ကြောင်း၊ (ခ) ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ အနီးရှိ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ မိုးကြိုးဆာဖျူရစ်အက်ဆစ်စက်ရုံသည် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူထားခြင်းမရှိသေးကြောင်းနှင့် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရန်လိုအပ်ကြောင်း အကြံပြုသွားပါတယ်။ အကြံပြုချက်မှာပါဝင်တဲ့ ပုဂ္ဂလိကစက်မှုမှတ်ပုံတင်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နေစဉ်ကာလအတွင်း စက်ရုံလည်ပတ်ရန် ခွင့်ပြုချက်အား စက်မှုဝန်ကြီးဌာနသို့ နှစ်စဉ်ခွင့်ပြုချက်ရယူဆောင်ရွက်လျက်ရှိပါတယ်။

စက်ရုံရဲ့ထုတ်လုပ်မှုနည်းလမ်းများ၊ နည်းပညာပိုင်းဆိုင်ရာများမှာ လက်ရှိနိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် နောက်ဆုံးနည်းပညာများဖြင့် လည်ပတ်လျက်ရှိသောကြောင့် နိုင်ငံတကာ ပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့်အညီ ISO လက်မှတ်သုံးစောင် ရရှိထားပြီးဖြစ်ပါတယ်။ (၁)ISO 9001;2015(Quality Management System)၊ (၂) ISO 14001;2015(Environment Management System)၊ (၃) OHSAS 18001;2007(Occupation Health & Safety Management System) တို့ဖြစ်ပါတယ်။ စက်ရုံအနေနဲ့ လစဉ်တိုင်းတာရရှိသော Result များကိုလည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လစဉ်တင်ပြလျက်ရှိပါတယ်။ တင်ပြတဲ့ Result ကတော့ နှစ်မျိုးရှိပါတယ်။ ပထမတစ်မျိုးကတော့ စက်ရုံရဲ့ DCS System တွင် မူလတပ်ဆင်ပါရှိသော $SO_2$ Analyzer များဖြင့် ထိန်းချုပ်ခန်းမှလည်းကောင်း၊ WHO စံနှုန်းများနှင့်အညီ လေထုအတွင်းရှိ SO2 ပမာဏ 20 $ug/m^3$ (24 hour means) ထက်မများစေရန် အတွက် Portable Air Monitoring Machine Haz-scanner (Model-EPAS) ဖြင့်လည်းကောင်း စဉ်ဆက်မပြတ်စောင့်ကြပ်စစ်ဆေး၍ တိုင်းတာရရှိသော Result များဖြစ်ပါတယ်။ နောက် Result တစ်ခုကတော့ စက်ရုံမှ စွန့်ပစ်ရေအား pH 6 to pH 9 အကြားရရှိစေရန်အတွက် ဓာတ်ပြယ်အောင် ပြုလုပ်ပြီးမှသာ စွန့်ပစ်ရေစုဆောင်းကန်အတွင်းသို့ သီးခြားစွန့်ပစ်လျက်ရှိပြီး စွန့်ပစ်အစိုင်အခဲများအား စက်ရုံအတွင်းတွင် HDPE အစခင်းထားသည့် အလျား ၁၅၀ ပေ၊ အနံ ၁၀၀ ပေ၊ အနက် ၆ ပေရှိစွန့်ပစ်ကန်အတွင်းသို့ စနစ်တကျထုပ်ပိုး၍ စွန့်ပစ်လျက်ရှိရာ အဆိုပါ စွန့်ပစ်ကန်များအနီးရှိ မြေသားနှင့်စက်ရုံ၏ အရပ်လေးမျက်နှာမှ မြေနမူနာများကို မန္တလေးမြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲခန်းသို့ လစဉ်ပေးပို့စစ်ဆေး၍ တိုင်းတာရရှိသော Result များဖြစ်ပါတယ်။

စက်ရုံအနေနဲ့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုများ ဆန်းစစ်နိုင်ရေး Environmental and Social Impact Assessment-ESIA Report အား ပြုစုတင်ပြနိုင်ရန်အတွက်

ကနေဒါနိုင်ငံတွင်အခြေစိုက်၍ စင်္ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် ရုံးခွဲများဖွင့်လှစ်ထားရှိသည့် Green Environmental, Health, Safety and Social Consultancy Co.,Ltd နှင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းကုမ္ပဏီမှ ပညာရှင်များ၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ စက်ရုံနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ လက်တွေ့ကွင်းဆင်းလေ့လာစစ်ဆေး တိုင်းတာမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှာ ESIA Report အား ပြုစု ရေးသားကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ရာ သဘော ထားမှတ်ချက် ၄၂ ချက်ပြန်ကြားခဲ့ခြင်းအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအား ထပ်မံ၍ တင်ပြ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့မှ စက်ရုံသို့လာရောက်စစ်ဆေးစဉ် ဒေသခံများ၏ သတင်း ပေးမှုအရ အက်ဆစ်ငွေ့ကြောင့် ကျန်းမာရေးထိခိုက်ကြောင်း သံသယရှိသည့်ကလေးငယ်လေးဦးကို ကျန်းမာရေးဝန်ကြီးဌာနမှ ရန်ကုန်ကလေးဆေးရုံကြီးသို့ ပို့ဆောင်၍ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်တွင် အထူးကုဆရာဝန်ကြီးများဖြင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ရာအက်ဆစ်ငွေ့ ကြောင့်ဖြစ်သည့်ရောဂါများမတွေ့ရကြောင်း ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့၌ ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာတွင် သတင်းထုတ်ပြန်ချက်(၁၂/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဆောင်သော ပညာရှင် များပါဝင်သည့်အဖွဲ့နှင့် Third Party အဖွဲ့အစည်းဖြစ်သည့် Live Environmental Assessment Group မှ ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့များဟာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်မှ ၃၀ ရက်အထိ ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံခဲ့ပြီး ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက် များကို ရှင်းလင်းခြင်း၊ ဒေသခံပြည်သူများနှင့် စက်ရုံရှိဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာစစ်ဆေး ခြင်း၊ လိုအပ်သည့်ကုသမှုများပေးခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် လေထုတိုင်းတာရေးကိရိယာ များနှင့် စစ်ဆေးတိုင်းတာခြင်း၊ ရေနမူနာများ ရယူစစ်ဆေးခြင်း၊ လုပ်ငန်းများကိုဆောင်ရွက်ကာ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ချက် Health Impact Assessment Report အား ရေးသား ပြုစုခဲ့သောအစီရင်ခံစာအရ စက်ရုံမှထွက်ရှိသော အခိုးအငွေ့၊ အမှုန်နဲ့ ဆာလ်ဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ စသည်များကြောင့် ကျန်းမာရေးထိခိုက်ယိုယွင်းခြင်းများ မတွေ့ရှိရပါကြောင်း ဖော်ပြထားရှိ ပါတယ်။

စက်ရုံအနေဖြင့် ကံကုန်းကျေးရွာရှိ ဒေသခံပြည်သူများ၏ သောက်သုံးရေအဆင်ပြေစေနိုင်ရေး အတွက် ၂၀၁၀ ပြည့်နှစ်မှစတင်ကာ ယမားချောင်းမှ ချောင်းရေအား အဆင့်ဆင့်သန့်စင်ပြီး ဂါလံ ၈၀၀ ဆံ့အုတ်ရေကန် သုံးလုံး၊ ရေငုတ်သုံးခုပြုလုပ်၍ သန့်စင်ရေဂါလန် ၃၀၀၀၀ အား ၂၄ နာရီဖြန့်ဖြူးပေး ခြင်းလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိပြီး စက်ရုံ၏ဝန်ထမ်း ၉၀ ရာခိုင်နှုန်းဟာ အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အပြင် လူမှုရေးဆိုင်ရာ တာဝန်ခံမှု(Corporate Social Responsibility-CSR)လုပ်ငန်းများဆောင်ရွက်ရန်အတွက် စက်ရုံ၏ အသားတင်အမြတ်ငွေမှ နှစ်ရာခိုင်နှုန်းအား CSR ရန်ပုံငွေအဖြစ်သတ်မှတ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျပ်သန်းပေါင်း ၁၈ သန်းကျပ်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ၆၃ သန်းကျပ်တို့ကို ရန်ပုံငွေအဖြစ် စီမံဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် နှစ်စဉ်စက်ရုံ၏အသားတင်အမြတ် ငွေမှ နှစ်ရာခိုင်နှုန်းကိုလည်း CSR ရန်ပုံငွေအဖြစ် ထားရှိသုံးစွဲနိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မိုးကြိုးဆာဖျူရစ်စက်ရုံသည် နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ စံချိန်စံညွှန်းများနှင့် အညီ လည်ပတ်ထုတ်လွှင့်လျက်ရှိသောကြောင့် နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်သုံးစောင် ရရှိထားပြီးဖြစ်ခြင်း၊ လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုလမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသောစက်ရုံဖြစ်ခြင်း၊ စက်ရုံ၏အသားတင်အမြတ်ငွေမှ နှစ်ရာခိုင်နှုန်းအား ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် CSR ရန်ပုံငွေအဖြစ် ထားရှိဆောင်ရွက်လျက်ရှိ ခြင်း၊ စက်ရုံနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ရရှိစေသောစက်ရုံဖြစ်ခြင်း၊ စက်ရုံလည်ပတ်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်နှင့် သဘာဝ ပတ်ဝန်းကျင်တို့ကို ထိခိုက်အန္တရာယ်ဖြစ်ပွားနိုင်မှုမရှိနိုင်ခြင်းနှင့် စက်ရုံမှထုတ်လုပ်သော ဆာဖျူရစ် အက်ဆစ်များအား လက်ပံတောင်းတောင်၊ စံပယ်တောင်နှင့် ကြေးစင်တောင်တို့မှ ကြေးထုတ်လုပ်ရာ တွင် အသုံးပြုခြင်းဖြစ်ပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းမှ နိုင်ငံတော်အတွက် အကျိုးအမြတ် ၅၁ ရာခိုင်နှုန်းအား ရရှိခံစားနေခြင်း စသည့်အကြောင်းများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွက် စီမံကိန်းအရအကျိုးပြုသောစက်ရုံဖြစ်ပါသဖြင့် ရွှေ့ပြောင်းပေးရန် အစီအစဉ်မရှိ ပါကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**လှိုင်မြို့နယ်၊ မြို့နယ်အားကစားရုံအား မြို့နယ်နေပြည်သူများ အသုံးပြုခွင့်ရရှိရေးပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ လှိုင်မြို့နယ်၊ မြို့နယ်အားကစားရုံအား မြို့နယ်နေပြည်သူများ ပြန်လည်အသုံးပြုခွင့်ရရှိရေး ပြန်လည်ပေးအပ်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်မြို့နယ်ပြည်သူများအတွက် မြို့နယ်အားကစားကွင်းကြီးတစ်ခုနဲ့ မိုးလုံလေလုံအားကစားရုံတစ်ခုကို ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲလက်ခံကျင်းပစဉ်က အောင်ဆန်းကွင်းပွဲကြည့်စင်တည်ဆောက်ရေးလုပ်ငန်းများမှ ပိုလျှံတဲ့ပစ္စည်းများဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနက တည်ဆောက်ခဲ့ပါတယ်။ လှိုင်မြို့နယ်အားကစားကွင်းမှာ လှိုင်မြို့နယ်ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲများ၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံနဲ့ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲများ၊ ပြေးခုန်ပစ်ပြိုင်ပွဲများ၊ လူထုချီတက်ပွဲများနဲ့ ကျင်းပပြုလုပ်တဲ့ နိုင်ငံတော်နေ့ကြီး၊ ရက်ကြီး အခမ်းအနားများကိုလည်းကောင်း ကျင်းပခဲ့တဲ့အပြင် အားကစားရုံအနီး မြေကွက်လပ်မှာ နှစ်စဉ်နှစ်တိုင်း ပွင့်လင်းရာသီမှာ ယာယီဇာတ်ရုံများ တည်ဆောက်ပြီး ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ပါတယ်။ မြို့နယ်ခန်းမအဖြစ်လည်း အသုံးပြုခဲ့ပါတယ်။ လှိုင်မြို့နယ်မှာ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားအဖြစ် အလေးမမှာ မြသိန်း၊ ဘောလုံးမှာ နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားများအဖြစ် မောင်မောင်လေး၊ ဉာဏ်ဝင်း၊ အောင်ထွန်းထွန်း၊ ကျော်မင်း၊ အေးနိုင်၊ တင်မောင်ထွန်း၊ အောင်အောင်ဦး တို့ပေါ်ထွက်ခဲ့ပါတယ်။ အားကစားရုံအတွက် အခန်းက အလျား ၈၃၆ ပေ၊ အနံ ၇၂၀ ပေ ကျယ်ဝန်းပါတယ်။ အားကစားနှင့် ကပ်လျက်ကစားကွင်းရှိပြီး ကစားကွင်းမြေဟာ ၁၃.၇၅၄ ဧကရှိပါတယ်။ အဆိုပါ လှိုင်အားကစားရုံကို ၁၉၈၈ ခုနှစ်၊ လူထုအရေးတော်ပုံကာလအတွင်းမှာ တပ်မတော်က လုံခြုံရေးချထားခြင်းမှအစပြုပြီးတော့ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရဲ့ထိန်းချုပ်အောက်ကို ရောက်ရှိသွားပါတယ်။ လှိုင်မြို့နယ်အားကစားကွင်းကိုလည်း ရန်ကုန်ယူနိုက်တက်ကို B.O.T စနစ်ဖြင့် ငှားရမ်းခဲ့ပါတယ်။ လှိုင်မြို့နယ်အားကစားရုံကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကမူလအတိုင်း ထိန်းသိမ်းထားရှိပြီး တပ်မတော်ဘော်လီဘောနှင့် လက်ဝှေ့

ပြိုင်ပွဲများကို ကျင်းပလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်ပြည်သူများ၏ဆန္ဒနှင့်အညီ လှိုင်မြို့နယ် တစ်ခုလုံးနှင့်သက်ဆိုင်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအတွက် စုဝေးပွဲများ၊ စည်းဝေးပွဲများ၊ အခမ်းအနားများ ကျင်းပနိုင်တဲ့ မြို့တော်ခန်းမအဖြစ်လည်းကောင်း၊ အားကစားပွဲများ ကျင်းပနိုင်တဲ့ အားကစားရုံအဖြစ်လည်းကောင်း၊ မြို့နယ် မရှိမဖြစ်လိုအပ်လျက်ရှိတဲ့အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ထိန်းသိမ်းထားရှိတဲ့ မြို့နယ်အားကစားရုံကို မြို့နယ်နေပြည်သူများ ပြန်လည်အသုံးပြုခွင့်ရရှိရေးအတွက် ပြန်လည်ပေးအပ်ဖို့ အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လှိုင်မြို့နယ်ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ လှိုင်အားကစားရုံဟာ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၅(ကမာရွတ်)၊ မြေကွက်အမှတ်(၁/င၊ ၅/က၊ ၆/ခ၊ ၇/က၊ ၈/ခ၊ ၉/က၊ ၉/ခ)တို့ရှိ မြေဧရိယာ ၁၃.၇၅၄ ဧကပေါ်တွင်ဆောက်လုပ်ထားခြင်းဖြစ်ပြီး အဆိုပါမြေနှင့် အားကစားရုံအား ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါစာအမှတ်၊ မခ/မသ/၂၀ အယ်လ် ၉၁/(၂၁၁၀)ဖြင့် အမိန့်ပြန်တမ်းထုတ်ပြန်၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ပါတယ်။ အဆိုပါလှိုင်အားကစားရုံတွင် တပ်မတော်အားကစားသမားများ အဆင့်အတန်းပိုမိုမြင့်မားရေးအတွက် စနစ်တကျလေ့ကျင့်မွေးမြူနိုင်စေရန်၊ တပ်မတော်အတွင်းမှ နိုင်ငံတော်အတွက် အားထားရမည့် ထူးချွန်အားကစားသမားများ ထွက်ပေါ်လာစေရန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း အားကစားပြိုင်ပွဲများနှင့် အခြားအဆင့်မြင့် တပ်မတော်အားကစားပြိုင်ပွဲများ ကျင်းပနိုင်စေရန်စသည့် ရည်ရွယ်ချက်သုံးချက်ဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့်အပြင် အခါအားလျော်စွာ အရပ်ဘက်အားကစားပြိုင်ပွဲများ ကျင်းပခွင့်ကိုလည်း ခွင့်ပေးထားလျက်ရှိပါတယ်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များအနေဖြင့် လေ့ကျင့်ရေးနှင့် ပြိုင်ပွဲများ ကျင်းပရေးအတွက် တစ်ခုတည်းသော မိုးလုံလေလုံအားကစားကွင်းနေရာအဖြစ် အသုံးပြုလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍

လှိုင်အားကစားရုံအပါအဝင် မြေဧရိယာ ၁၃.၇၅၄ ဧကသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပြီး လက်ရှိတွင်လည်း အဆိုပါအားကစားရုံတွင် တပ်မတော်နှင့် ဒေသတွင်းမှ လူငယ်များအား နိုင်ငံတော်အတွက် ထူးချွန်သောအားကစားသမားများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ လေ့ကျင့်ဆောင်ရွက်လျက်ရှိခြင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များအနေဖြင့် လေ့ကျင့်ရေးနှင့် ပြိုင်ပွဲကျင်းပရေးအတွက် တစ်ခုတည်းသော မိုးလုံလေလုံအားကစားကွင်းနေရာအဖြစ် အသုံးပြုလျက်ရှိတဲ့အတွက်ကြောင့် ပြန်လည်စွန့်လွှတ်ပေးအပ်နိုင်ခြင်းမရှိပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ လှိုင်မြို့နယ်အတွက် အားကစားရုံမရှိမဖြစ်လိုအပ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ မြေနေရာလည်း မရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ လှိုင်မြို့နယ် (၁၄) ရပ်ကွက်နဲ့ (၁၅)ရပ်ကွက်တွေမှာ တပ်မတော်က သိမ်းပိုက်ထားတဲ့ မြေကွက်တွေထဲက အသုံးမပြုရသေးတဲ့ မြေလွတ်၊ မြေရိုင်းတွေလည်း ကျန်ရှိနေသေးပါတယ်။ အဲဒီမြေနေရာတွေမှာ အားကစားရုံအတွက် မြေနေရာအစားထိုးပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒီကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ မေးခွန်းမှာတော့ ကျွန်တော်တို့ရဲ့တပ်မတော်ကနေပြီးတော့ လွှဲပြောင်းရယူထားတဲ့အားကစားရုံ ပြန်လည်စွန့်လွှတ်ပေးရေးကိစ္စပဲဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးကတော့ သူ့မြို့နယ်ရဲ့လိုအပ်ချက်အရ အားကစားရုံ စီမံပေးရမယ့်ကိစ္စပဲဖြစ်ပါတယ်။ တကယ်တမ်းဆိုရင်တော့ ဒီကိစ္စက ကျွန်တော်တို့ကာကွယ်ရေးဝန်ကြီးဌာနနဲ့တော့ သက်ဆိုင်ခြင်းမရှိပါဘူး။ ဒါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းကို မဖြေခင်မှာလည်း ကျွန်တော့်အနေနဲ့ အားကစားရုံနဲ့ပတ်သက်လို့လည်း လေ့လာခဲ့ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့ ညွှန်ကြားမှုနဲ့ဆက်သွယ်ပြီးတော့ပဲ ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်အတွင်းမှာရှိတဲ့

အလားတူမြို့နယ်တွေမှာ ဘယ်အားကစားရုံရှိလဲ၊ ဘယ်မြို့နယ်ရှိ/မရှိလဲ ကျွန်တော်လေ့လာစုံစမ်းခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ၄၅ မြို့နယ်မှာဆိုရင် ၁၉ မြို့နယ်သာ အားကစားရုံရှိပြီးတော့ လှိုင်မြို့နယ်လိုပဲ အခြားနေရာတွေမှာလည်း အားကစားရုံဆောင်ရွက်ခြင်းမရှိပါဘူး။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ဖြေကြားရမယ်ဆိုရင်တော့ အားကစားရုံတွေ လုပ်ပေးဆောင်ရွက်ရမှာနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မြို့နယ်ရဲ့လိုအပ်ချက်အပေါ် မူတည်ပြီးတော့ တင်ပြတောင်းခံလို့ရပါတယ်။ ဥပမာ သာဓကတစ်ခုနဲ့ပြောပြချင်ပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီးတော့ စစ်တွေမြို့မှာရှိတဲ့ ကျွန်တော်တို့ရဲ့တပ်ပိုင်မြေထဲကနေပြီးတော့ အားကစားနှင့် ကာယပညာသိပ္ပံဆောက်ဖို့အတွက်ဆိုပြီးတော့ မြေတောင်းခံတာရှိပါတယ်။ အဲဒီမှာ မျှတတဲ့ရုံမူတည်ပြီးတော့ ကျွန်တော်တို့ဆောင်ရွက်ပေးတာရှိပါတယ်။ သက်ဆိုင်ရာအစိုးရအဖွဲ့ကနေပြီးတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကိုတင်ပြ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကနေပြီးတော့ မရှိမဖြစ်လိုအပ်တဲ့ အားကစားရုံဆောက်ဖို့ဆိုပြီးတော့ အားကစားနှင့် ကာယပညာသိပ္ပံ(စစ်တွေ)ရဲ့အနီးပတ်ဝန်းကျင်မှာလည်း မြေနေရာလွှဲပြောင်းပေးဖို့ ဆောင်ရွက်ခဲ့စဉ်တုန်းကလည်း ကျွန်တော်တို့စွန့်လွှတ်နိုင်တဲ့အပေါ် မူတည်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနကနေပြီးတော့ အကြောင်းပြန်ကြားပြီးဆောင်ရွက်ပေးခဲ့ပါတယ်။ အခုမေးခွန်းမှာလည်း သင့်တော်တယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့လိုအပ်ချက်ကို လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ပြီးတော့ တင်ပြဆောင်ရွက်ခဲ့ပြီး သဘောထားမှတ်ချက်ကိုတင်ပြဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**လျှပ်စစ်ကဏ္ဍအရှုံးဖြစ်ပေါ်နေမှုကာမိစေမည့် အစီအစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ ဒီဇယ် အင်ဂျင်စက်သုံးစွဲသည့် မြို့များနေရာမှာ ဓာတ်အားလိုင်းဖြင့် အစားထိုးဆောင်ရွက်မည့်အစီအစဉ်များ၊ အစားထိုးပြီးနေရာ မြို့ရွာများမှ ဒီဇယ်အင်ဂျင်စက်များကို ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် အစိုးရသစ် ငါးနှစ်ကာလအတွင်း လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်မည့်အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်က လွှတ်တော် ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ဒီဇင်ဘာလလောက်က မေးခဲ့တာဖြစ်ပေမဲ့ ဝန်ကြီးဌာနရဲ့အခက်အခဲကြောင့် ကြာခဲ့တယ်လို့ ယူဆပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းနဲ့ ပတ်သက်တဲ့အကြောင်းအရာကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရဲ့ နှစ်စဉ်လိုလိုအရှုံးဖြစ်ပေါ်နေရတဲ့ အကြောင်းအရင်းထဲက ဒီဇယ်ဆီသုံး လျှပ်စစ်မီးပေးရေးလုပ်ငန်းတွေနဲ့ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အနေနဲ့ သုံးစွဲနေတဲ့ ဓာတ်အားတွေထဲမှာ ရေအားလျှပ်စစ် မဟာဓာတ်အားလိုင်းက ထုတ်လုပ်ဖြန့်ဝေပေးတဲ့လျှပ်စစ်က ၇၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့သုံး တာဘိုင်စက်တွေက ထုတ်လုပ်ဖြန့်ဝေတဲ့လျှပ်စစ်မီးက ၁၈ ရာခိုင်နှုန်း၊ ကျောက်မီးသွေးကတော့ ၈ ရာခိုင်နှုန်းနဲ့ ဒီဇယ်ဆီသုံးမီးစက်တွေက ထုတ်လုပ်ဖြန့်ဝေတဲ့လျှပ်စစ်မီးကတော့ ၂ ရာခိုင်နှုန်းရှိပြီးတော့ နိုင်ငံတော်အနေနဲ့ လျှပ်စစ်မီးတစ်ယူနစ်ကို အခြေခံ ၃၅ ကျပ်နှုန်းနဲ့ ကောက်ခံတဲ့နေရာမှာ အရှုံးဖြစ်ပေါ်နေမှုတွေအနက် ဒီဇယ်ဆီသုံးနှင့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းက အရှုံးဖြစ်ပေါ်မှုက အများဆုံးဖြစ်တာကို တွေ့ရပါတယ်။ ဥပမာအနေနဲ့ တင်ပြရမယ်ဆိုရင် ကျွန်တော့်မြို့နယ်မှာ ဒီဇယ်ဆီ သုံးနှင့် လျှပ်စစ်အား ဓာတ်အားပေးတဲ့အနေနဲ့ ပိုင်ကျုံမြို့နဲ့ မြိုင်ကြီးငူအထူးဒေသနှစ်ခုရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အခြေအနေကို ဥပမာအနေနဲ့ တင်ပြချင်ပါတယ်။ ပိုင်ကျုံမြို့မှာ အသုံးပြုတဲ့ စက်က ၂၀၀ ကေဗွီအေရှိပြီးတော့ စက်မောင်းနာရီက ၈၄၄ နာရီနဲ့ ၃၀ မိနစ်ရှိပြီးတော့ ထုတ်လုပ်ယူနစ် ၅၁၀၀၀ အတွက် ဒီဇယ်ဆီ ၅၀၆၉ ဂါလန် သုံးစွဲပြီးတော့ ဝင်ငွေအနေနဲ့ ကျပ်သန်း ၂.၁၉၄ ရရှိပြီးတော့ အသုံးစရိတ်ကျပ်သန်း ၂၂.၆၀၆ ရှိလို့ အရှုံးငွေကျပ်သန်း ၂၀.၄၁၂ ရှိလို့ တစ်ယူနစ်ကို ကျပ် ၄၀၀ ကျော်ကျော်နဲ့ တစ်နာရီကို ကျပ် ၂၄၀၀၀ ကျော်လောက် အရှုံးခံရတာ တွေ့ရပါတယ်။ မြိုင်ကြီးငူအထူး

ဒေသမှာလည်းပဲ အသုံးပြုစက်က ၂၀၀ ကေဗွီအေဖြစ်ပြီးတော့ စက်မောင်းနာရီ ၉၂၉ နာရီ ၂၀ မိနစ်၊ ထုတ်လုပ်ယူနစ် ၈၈၈၂၀ အတွက် ဒီဇယ်ဆီဂါလန် ၈၅၀၂ ဂါလန်ကုန်ကျပြီးတော့ ဝင်ငွေကျပ်သန်း ၃.၇၁၈ ရရှိပြီးတော့ အသုံးစရိတ်ကျပ်သန်း ၃၁.၉၂၈ ရှိတဲ့အတွက် အရှုံးငွေကျပ်သန်း ၂၈.၂၁၀ ရှိလို့ တစ်ယူနစ်ကို ၃၂၈ ကျပ်ခန့်နှင့် တစ်နာရီကို ကျပ် ၃၀၀၀၀ ကျော်လောက် အရှုံးခံရတာတွေ့ရပါတယ်။

လက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာ ဒီဇယ်ဆီသုံးနဲ့ မီးစက်ပေါင်း ၆၂၈ လုံးရှိတယ်လို့ သိရပြီးတော့ မြို့၊ ရွာပေါင်း ၂၇၆ နေရာမှာ အသုံးပြုနေရကြောင်းနှင့် တပ်ဆင်ထားတဲ့စက်အင်အား အနေနဲ့ ကေဗွီအေပေါင်း ၇၉၃၁၃.၄ ရှိကြောင်း သိရပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့ မြို့နှစ်မြို့ရဲ့ အရှုံးဖြစ်ပေါ်မှုနှစ်ခုကို ပျမ်းမျှအနေနဲ့ တွက်ချက်ကြည့်မယ်ဆိုရင် ၂၀၀ ကေဗွီအေ စက်တစ်လုံးရဲ့ ပျမ်းမျှအရှုံးက တစ်နာရီမှာ ကျပ် ၂၇၀၀၀ ကျော်နှင့် တစ်ယူနစ်မှာကျပ် ၃၆၀ လောက်ရှိတာ တွေ့ရပါတယ်။ တစ်နိုင်ငံလုံးအနေအထားအရ တွက်ချက်ကြည့်မယ်ဆိုရင် တစ်နာရီမှာကျပ်သန်း ၁၀.၇ သန်းကျော်လောက် အရှုံးဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ ဥပမာအနေနဲ့ စက်တစ်လုံးကို တစ်ရက်သုံးနာရီ မောင်းမယ်ဆိုရင် မောင်းနှင်မယ့်နာရီပေါင်း ၁၀၉၅ နာရီရှိမှာဖြစ်လို့ တစ်နိုင်ငံလုံးအနေနဲ့ တစ်နှစ်ကို လျှပ်စစ်ဓာတ်အား ၂ ရာခိုင်နှုန်းပဲသုံးပေမဲ့ အရှုံးငွေကျပ်သန်းပေါင်းက ၁၁၇၁၆.၅ သန်းလောက် အရှုံးဖြစ်ပေါ်နိုင်တာကို တွေ့ရပါတယ်။ ဒါကတော့ အကြမ်းသဘောနဲ့ တွက်ချက်တင်ပြခြင်းဖြစ်ပါတယ်။ နိုင်ငံအနေနဲ့ ဆင်းရဲမှုလျှော့ချရေး မူ(၈)ချက်ထဲမှာ နိုင်ငံဖွံ့ဖြိုးရေးအတွက် ရေအား၊ လေအား၊ နေစွမ်းအင်ကနေထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားအပြည့်အဝမပေးနိုင်သေးသရွေ့ ဒီဇယ်ဆီသုံးတဲ့ မီးစက်တွေကို အသုံးပြုရဦးမှာဖြစ်ပါတယ်။ ဒီလိုအရှုံးဖြစ်ပေါ်နေမှုတွေကို ကာမိစေဖို့အတွက်၊ လျှပ်စစ်မီးလိုအပ်ချက်တွေအတွက် ဓာတ်အားတိုးချဲ့ထုတ်လုပ်ဖြန့်ဝေနိုင်ဖို့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်ထားမှုများနှင့်ပတ်သက်လို့ ပြည်သူများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ လျှပ်စစ်ကဏ္ဍအရှုံးဖြစ်ပေါ်နေမှုကာမိစေမယ့်အစီအစဉ်များ ဆောင်ရွက်နေမှုအခြေအနေ၊ ဒီဇယ်အင်ဂျင်စက်သုံးစွဲတဲ့မြို့များနေရာမှာ ဓာတ်အားလိုင်းများဖြင့် အစားထိုးဆောင်ရွက်မယ့် အစီအစဉ်များနှင့် အစားထိုးပြီး မြို့ရွာနေရာများမှ ဒီဇယ်အင်ဂျင်များကို ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်များနဲ့ အစိုးရသစ်ငါးနှစ်တာကာလအတွင်း လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆောင်ရွက်မယ့်အစီအမံများ ရှင်းလင်းချပြနိုင်ရေး မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လျှပ်စစ်ကဏ္ဍမှာ အရှုံးဖြစ်ပေါ်မှုနှင့်ပတ်သက်ပြီး ဓာတ်အားပျောက်ဆုံးမှုကြောင့်ဖြစ်ပေါ်တဲ့ကိစ္စမှာ ကိစ္စရပ်နှစ်ခုပါရှိပါတယ်။ တစ်ခုကတော့ နည်းပညာပိုင်းဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှုနှင့်ပတ်သက်တာ ဖြစ်ပါတယ်။ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးအတွက် ရှေးယခင်က တည်ဆောက်ခဲ့တဲ့ အရွယ်အစားသေးငယ်သောဓာတ်ကြိုးများကို အရွယ်အစားကြီးတဲ့ဓာတ်ကြိုးများနှင့် လဲလှယ်ခြင်းအားဖြင့်လည်းကောင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းတဲ့သစ်ပင်၊ သစ်ကိုင်းများရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းဓာတ်အားခွဲရုံများ ချိတ်ဆက်မှုပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်း၊ Analogue Meter များအစား Digital Meter များဖြင့် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နည်းပညာပိုင်းဆိုင်ရာနှင့်ဆက်နွယ်မှုမရှိသည့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးနှင့်ပတ်သက်ပြီး ဓာတ်အားခိုးယူသုံးစွဲမှုများလျော့နည်းရေးနှင့် မသမာမှုများပပျောက်ရေးအတွက် စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်ကာ အရေးယူဒဏ်ရိုက် အပြစ်ပေးလျက်ရှိပါတယ်။

လက်ရှိ နိုင်ငံမှာ ဓာတ်အားခကို အလွှာနှုန်းများဖြင့် ကောက်ခံလျက်ရှိပြီး အိမ်သုံးဓာတ်အားသုံးခ၊ စက်မှုသုံးဓာတ်အားခများကို ကောက်ခံရာမှာ နိုင်ငံတော်က စိုက်ထုတ်ကျခံရတဲ့စနစ်ဟာရေရှည်မှာ သင့်လျော်ခြင်းမရှိတဲ့အတွက်ကြောင့် ပိုမိုသင့်လျော်တဲ့ဓာတ်အားခနှုန်းထားတစ်ခု ပြင်ဆင်ပြောင်းလဲနိုင်ရေးအတွက်လည်း တွက်ချက်စိစစ်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ် ဇွန်လအထိ တစ်နိုင်ငံလုံးမှာ ဓာတ်အားစနစ်ကနေပြီးတော့ ဓာတ်အားပေးနိုင်တဲ့ မြို့နဲ့ကျေးရွာအရေအတွက်မှာ မြို့က ၃၀၅ မြို့ဖြစ်ပြီး ကျေးရွာအရေအတွက်က ၁၀၉၅၇ ရွာဖြစ်ပါတယ်။ အဆိုပါမြို့နှင့် ကျေးရွာများအပြင် ကိုယ်စားလှယ်ကြီး ဆွေးနွေးချက်မှာပါရှိတဲ့ ဒီဇယ်မီးစက်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိတဲ့ မြို့အရေအတွက်က ၉၉ မြို့နှင့် ကျေးရွာအရေအတွက်က ၁၂၉ ရွာ ရှိပါတယ်။ လက်ရှိဓာတ်အားစနစ်မရောက်ရှိသေးတဲ့အတွက်ကြောင့် အဆိုပါ မြို့နှင့် ကျေးရွာများ ဆောလျင်စွာလျှပ်စစ်ဓာတ်အား ရရှိနိုင်ရန်အတွက် ဒီဇယ်ဆီကိုအသုံးပြုပြီး မီးစက်များဖြင့် ဓာတ်အားပေးခဲ့ရတာ ဖြစ်ပါတယ်။ ဒီဇယ်ဆီဖြင့်

ဓာတ်အားပေးရင် ဒီဇယ်ဆီရဲ့ဈေးနှုန်းကုန်ကျစရိတ်ကြောင့် အရှုံးပေါ်တာကို ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းကျခံပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးကို ရှေးရှုပြီး ဆောင်ရွက်ပေးလျက်ရှိတာဖြစ်ပါတယ်။ ဓာတ်အားစနစ်ကနေပြီး ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းနှင့် ဓာတ်အားပေးစက်ရုံများ စဉ်ဆက်မပြတ်နှစ်စဉ်တိုးချဲ့တည်ဆောက်ခြင်းများကို ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ တစ်နိုင်ငံလုံးရဲ့ ၂၂ ရာခိုင်နှုန်း ဓာတ်အားရရှိပေးနေနိုင်ရာကနေ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၂၄ ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၂၆.၇ ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ၂၉.၉ ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၃၅ ရာခိုင်နှုန်းအထိ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၃၈ ရာခိုင်နှုန်းနှင့် ယခု ၂၀၁၇ ခုနှစ် ဇွန်လအထိမှာ တစ်နိုင်ငံလုံးရဲ့ ၃၈.၅ ရာခိုင်နှုန်းအထိကို ဓာတ်အားစနစ်ကနေတိုးချဲ့ပြီး ဓာတ်အားရောက်ရှိအောင် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီး ၂၀၁၇ ခုနှစ် ဇွန်လအတွင်းမှာ မူလက ဒီဇယ်ဓာတ်အားပေးစက်နဲ့ ဓာတ်အားဖြန့်ဖြူးပေးနေတဲ့ မြို့ ၂၂ မြို့နှင့် ကျေးရွာ ၁၁ ရွာကို ဓာတ်အားစနစ်ကနေ ဓာတ်အားလိုင်းတွေရောက်ရှိပြီး ၂၄ နာရီဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့ ပြောင်းလဲဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ သို့ရာတွင် အဆိုပါဓာတ်အားရရှိပြီးသွားတဲ့မြို့နှင့် ကျေးရွာများက ဓာတ်အားလိုင်းက ဓာတ်အားရရှိပြီးတဲ့နောက်မှာ မလိုအပ်တော့တဲ့ ဒီဇယ်မီးစက်တွေကို ယခင်က မီးစက်ဖြင့်ပင် ဓာတ်အားမရရှိသေးတဲ့ဓာတ်အားစနစ်ကနေပြီးတော့လည်း အလွန်အလှမ်းဝေးကွာနေတဲ့ကျေးရွာနှင့် မြို့တွေမှာ ဓာတ်အားရရှိနိုင်စေဖို့အလို့ငှာ ဒီဇယ်မီးစက်တွေကို ပြောင်းရွှေ့နေရာချထားပြီးဓာတ်အားပေးတဲ့အတွက်ကြောင့် ဒီဇယ်မီးစက်နဲ့မီးပေးတဲ့မြို့နှင့် ကျေးရွာအရေအတွက်တွေဟာတော့ တစ်နှစ်ထက်တစ်နှစ် လျော့ကျသွားတာမဟုတ်ဘဲ နေရာပြောင်းရွှေ့တိုးချဲ့ဓာတ်အားပေးနေတဲ့အတွက်ကြောင့် ဓာတ်အားစနစ်က ဓာတ်အားရရှိတဲ့မြို့တွေ၊ ကျေးရွာတွေအရေအတွက် တိုးပွားလာသကဲ့သို့ ဒီဇယ်မီးစက်နှင့် ပေးနေတဲ့မြို့နှင့် ကျေးရွာအရေအတွက်ဟာလည်း ဆက်လက်တည်ရှိနေတာဖြစ်ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ငါးနှစ်အတွင်းမှာ ဒီဇယ်မီးစက်နှင့် ဓာတ်အားပေးနေတဲ့ မြို့ ၆၆ မြို့နှင့် ကျေးရွာ ၂၉ ရွာကို ဓာတ်အားစနစ်ကနေပြောင်းလဲပြီး ဓာတ်အားပေးနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်ရဲ့ချေးငွေနဲ့ ဆောင်ရွက်မယ့် NEP စီမံကိန်း အဆင့်လေးဆင့်မှာလည်းပဲ ကျေးရွာပေါင်း

၅၀၈၀ ရွာကို ပထမအဆင့်အတွင်းမှာ ဓာတ်အားစနစ်ကနေ ဓာတ်အားရရှိအောင် ဆောင်ရွက်သွားမယ့်အစီအစဉ်ကို ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။

ဂျာမနီနိုင်ငံရဲ့ KfW ချေးငွေနှင့် အထောက်အပံ့ကို ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက်ရရှိပြီးတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိတဲ့ ကျေးရွာ ၄၁၆ ရွာ လျှပ်စစ်ကို Grid ကနေပြီး ဓာတ်အားရရှိရေးအတွက်လည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ခဲ့လို့ရှိရင် အိမ်ထောင်စု ၃၀၀၀၀ ကျော်နှင့် လူဦးရေ ၁၄၀၀၀၀ ကျော် ဓာတ်အားရရှိမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်ကို ယခု ငါးနှစ်ကာလအတွင်းမှာ သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ခြင်းများကိုလည်း နှစ်အလိုက် ဆောင်ရွက်သွားမှာဖြစ်ပြီး ငါးနှစ်တာကာလ ယခုနှစ်အတွင်းမှာ မဂ္ဂါဝပ် ၅၀၀၀ အထိ ဓာတ်အားစနစ်မှာ ဓာတ်အားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**EIA/SIA/HIA/EMP ကို လုံးဝဆောင်ရွက်ခြင်းမရှိဘဲ သစ်တောကြိုးဝိုင်းအတွင်းရှိ အပင်များကို ခုတ်ထွင်ရှင်းလင်းပြီး ရှင်းလင်းဆောင်နှင့် အဆောက်အဦပေါင်းများစွာ ဆောက်လုပ်ပြီးစီးနေမှုသည် မည်သည့်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပြီး မည်သူ့တွင်တာဝန်ရှိနေခြင်းနှင့် မည်သို့အရေးယူဆောင်ရွက်ပေးမည်၊ ဤကိစ္စရပ်အပေါ် တရားဝင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပြည်နယ်အစိုးရ၏ ဤကိစ္စအပေါ် ပါဝင်စီမံခန့်ခွဲထားမှုအခြေအနေကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နမ့်မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းအေး(နမ့်မတူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ့်မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ Natural Current Energy Hydropower Co..Ltd. ကနေပြီးတော့ နမ့်မတူမြစ်ပေါ်မှာ ရေအားလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ မေးခွန်းကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၇-၄-၂၀၁၄ ရက်နေ့မှာ Natural Current Energy Hydropower Co.,Ltd.(NCE)ကုမ္ပဏီဟာ စမ်းသပ်ခွင့်အတွက် သဘောတူညီစာချုပ် ရယူဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းတည်နေရာဟာ နမ့်မတူမြို့နယ် ချောင်းဆုံကျေးရွာအုပ်စုမှာရှိတဲ့ နမ့်မတူမြစ်ပေါ်မှာဖြစ်ပြီးတော့ ကုမ္ပဏီစခန်းချရာနေရာဟာ

ချောင်းဆုံကျေးရွာအုပ်စုအတွင်မှာရှိတဲ့ သစ်တောကြိုးဝိုင်းအတွင်းဖြစ်နေပါတယ်။ နိုင်ငံတော်ရဲ့ စွမ်းအင်လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် နိုင်ငံ့အတွက်ဆိုးကျိုးထက် ကောင်းကျိုးရှိမယ့် စီမံကိန်းဆိုလို့ရှိရင် ထိခိုက်နစ်နာမယ့် ဒေသခံပြည်သူတွေကို နားလည်လက်ခံလာအောင် ဖျောင်းဖြပြီး အကျိုးရှိအောင်ဆောင်ရွက်ချင်တယ်ဆိုတဲ့ စိတ်ဓာတ်အပြည့်နဲ့ ချောင်းဆုံအုပ်စုကျေးရွာမှာရှိနေတဲ့ NCE လုပ်ငန်းခွင်ကို ကျွန်မကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ ၁၁-၉-၂၀၁၆ ရက်နေ့မှာ လုပ်ငန်းခွင်ရဲ့ ယာယီအဆောင်ဖြစ်ပါတယ်။ အဲဒါအပြင် တောင်ကိုဖောက်ပြီးတော့ ဥမင်လိုင်ခေါင်းတူးကာ ကျောက်အမျိုးအစားမှတ်တမ်းယူနေတာတွေကို တွေ့ရှိခဲ့တယ်။ အဲဒါအပြင် နမ္မတူမြစ်ဘေးမှာ ရွှေရှာဖွေရာမှာ အသုံးပြုနေတဲ့စက်တွေ ချထားတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ၁၄-၁၁-၂၀၁၆ ရက်နေ့မှာ ဒုတိယအကြိမ်အနေနဲ့ ကျွန်မထပ်မံကွင်းဆင်းကြည့်ရှုတဲ့အခါမှာ ပုံမှာပြထားတဲ့အတိုင်း သစ်တောကြိုးဝိုင်းရဲ့အခြေအနေကို တွေ့ရှိရမှာပါ။ အဲဒီကပြန်လာပြီးတဲ့နောက် ကျွန်မ နမ္မတူအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ သက်ဆိုင်ရာတွေနဲ့တွေ့ဆုံပြီး ဒီစီမံကိန်းနဲ့ပတ်သက်ပြီး မေးမြန်းရာ သိရှိခြင်းမရှိကြောင်းဖြေကြားခဲ့ကြပါတယ်။ အဲဒါကြောင့် ဒီသစ်တောကြိုးဝိုင်းအတွင်းမှာရှိနေတဲ့သစ်တွေကို ခုတ်ထွင်အသုံးပြုနေမှုကို စာထုတ်ဟန့်တားပေးဖို့ အကြံပြုပြောဆိုခဲ့ပါတယ်။ သဘာဝအရင်းအမြစ်ပျက်စီးဆုံးရှုံးမှုဟာ နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်တည်တံ့ရေးကို ထိခိုက်စေနိုင်ပါတယ်ဆိုတဲ့အသိနဲ့ ၂၇-၁၁-၂၀၁၆ ရက်နေ့မှာသော်လည်းကောင်း၊ ၂၂-၃-၂၀၁၇ ရက်နေ့မှာ သော်လည်းကောင်း နမ္မတူမြစ်ပေါ်မှာ တည်ဆောက်မယ့်ရေကာတာတွေရပ်တန့်ဖို့ ပြည်သူတွေက ဆန္ဒပြတောင်းဆိုခဲ့ပါတယ်။ ဆန္ဒပြတောင်းဆိုပြီးတဲ့နောက် ၁၁-၄-၂၀၁၇ ရက်နေ့မှာ သစ်တောကြိုးဝိုင်းအတွင်း ကျွန်မထပ်မံဆင်းကြည့်တဲ့အချိန်မှာ အဆောင်တွေဆောက်လုပ်ဖို့ ပြင်ဆင်ထားနေတဲ့ပုံကို တွေ့ရှိရပါတယ်။ အဲဒါအပြင် ယာယီဆောင်ရဲ့အနောက်ဘက်မှာ သိမ်းဆည်းထားတဲ့သစ်တွေကိုလည်း တွေ့ရှိရပါတယ်။ ဒီစီမံကိန်းသာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မယ်ဆိုလို့ရှိရင် ထိခိုက်နစ်နာမယ့်သူတွေဟာ နမ့်စန်မြို့နယ်မှာရှိတဲ့ လီလွတ်ကျေးရွာဖြစ်ပြီးတော့ အဲဒီဒေသခံတွေနဲ့ ကျွန်မ ကွင်းဆင်း တွေ့ဆုံခဲ့ပါတယ်။ ဒေသခံပြည်သူတွေကို ကုမ္ပဏီမှလာရောက်တွေ့ဆုံခြင်းမရှိကြောင်းနဲ့ ပြည်ထောင်စုအစိုးရရဲ့ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ငန်းတည်ဆောက်မှုအပေါ် လက်ရှိနိုင်ငံတော်ရဲ့ ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနဲ့ လုပ်ထုံးတွေဖြစ်တဲ့ EIA/SIA/HIA/EMP တွေကို လုပ်ဆောင်ခြင်းမရှိသေးကြောင်း သိရှိရပါတယ်။ ဒီစီမံကိန်းကနေပြီးတော့လည်း မိမိတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမှာကိုမသိရတဲ့အတွက်ကြောင့် စိုးရိမ်စိတ်နဲ့ရှင်သန်နေရပါကြောင်း သိရှိခဲ့ရပါတယ်။ ကိစ္စရပ်တိုင်း

အပေါ်မှာ အစိုးရတစ်ခုတည်းနဲ့ အမြဲမပြတ်စောင့်ကြည့်လုပ်ဆောင်ဖို့၊ ချိုးဖောက်မှုတိုင်းကို စုံးစမ်းစစ်ဆေးနိုင်ဖို့ဆိုတာ လုံးဝမျှော်လင့်ထားလို့မရနိုင်ဘူးဆိုတာ နားလည်တဲ့အတွက် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ဒီလုပ်ငန်းခွင်မှာ ဒီလိုဖြစ်နေပါပြီဆိုတဲ့ အပြုသဘောဆောင်ပြီးတော့ ပူးပေါင်းပါဝင်အသိပေးခဲ့ပါတယ်။ ဒါပေမဲ့ ၂၆-၇-၂၀၁၇ ရက်နေ့မှာ ကျွန်မထပ်မံကွင်းဆင်းကြည့်တဲ့အချိန်မှာ အဲဒီသစ်တောကြိုးဝိုင်းအတွင်းမှာ အဆောင်တွေဆောက်လုပ်ပြီးစီးနေတာကို တွေ့ရှိခဲ့ရပါတယ်။ ဒါ သစ်တောကြိုးဝိုင်းအတွင်းက အဆောင်တွေဖြစ်ပါတယ်။ ဆန္ဒပြတောင်းဆိုနေတဲ့ ပြည်သူ့အသံတွေ၊ လွှတ်တော်ကိုယ်စားလှယ်ရဲ့အသံတွေကို ဂရုမစိုက်ဘဲနဲ့ ကုမ္ပဏီရဲ့ဥပဒေကို ချိုးဖောက်ကျူးလွန်နေစေခြင်းဟာ တရားဥပဒေစိုးမိုးမှုမရှိတာကို ပြသခြင်းအပြင် အစိုးရရဲ့တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတာကို ညွှန်းဆိုခြင်းပဲဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းက EIA/SIA/HIA/EMP ကို လုံးဝဆောင်ရွက်ခြင်းမရှိဘဲနဲ့ သစ်တောကြိုးဝိုင်းအတွင်းရှိတဲ့အပင်တွေကို ခုတ်ထွင်ရှင်းလင်းပြီး ရှင်းလင်းဆောင်နဲ့ အဆောက်အဦပေါင်းများစွာ ဆောက်လုပ်ပြီးစီးနေမှုဟာ ဘယ်သူ့ခွင့်ပြုချက်နဲ့ဆောင်ရွက်ပြီး ဘယ်သူ့မှာတာဝန်ရှိနေခြင်းနှင့် ဘယ်လိုအရေးယူဆောင်ရွက်ပေးမှာကိုသိရှိလိုခြင်း၊ (၂) ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရကြား ဒါမှမဟုတ်ရင် ပူးပေါင်းပြီး ဒီကိစ္စအပေါ် တရားဝင်ဆောင်ရွက်ထားမှုအခြေအနေများနဲ့ ပြည်နယ်မှဆောင်ရွက်ထားရှိမှုအခြေအနေကို သိရှိလိုခြင်း၊ (၃) ပြည်နယ်အစိုးရရဲ့ ဤကိစ္စရပ်အပေါ် ပါဝင်စီမံခန့်ခွဲထားမှုအခြေအနေကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ နမ္မတူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ နမ္မတူမြစ်ပေါ်၌ ခန့်မှန်းစက်တပ်ဆင်အင်အား ၁၀၀ မဂ္ဂါဝပ်ခန့်ထုတ်လုပ်နိုင်မည့် နမ္မတူ(သီပေါ)ရေအားလျှပ်စစ်စီမံကိန်းအတွက် နားလည်မှုစာချွန်လွှာကို ၇-၄-၂၀၁၄ ရက်နေ့တွင် ယခင်လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်သော Natural Current Energy Hydropower Co.,Ltd တို့ လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ထိုနည်းလည်မှုစာချွန်လွှာ၏ရည်ရွယ်ချက်မှာ နမ္မတူမြစ်ပေါ်၌ ရေအား

လျှပ်စစ်စီမံကိန်း တည်ဆောက်ဆောင်ရွက်ရန် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအစီရင်ခံစာပြုစု တင်ပြနိုင်ရေးအတွက် စူးစမ်းလေ့လာမှုများ၊ တိုင်းတာမှုများ ပြုလုပ်နိုင်ရန်ခွင့်ပြုတဲ့ အစီအစဉ်ဖြစ်ပါတယ်။ စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ရန် ခွင့်ပြုထားတဲ့အဆင့် ရောက်ရှိခြင်း မရှိသေးပါ။ လုပ်ထုံးလုပ်နည်းအရ Natural Current ကုမ္ပဏီက အဆိုပါမြစ်တည်နေရာတွင် စူးစမ်းလေ့လာမှုများပြုလုပ်ပြီးနောက် စီမံကိန်းဖြစ်မြောက်နိုင်မှုအစီရင်ခံစာကို Technical Feasibility Study ပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမှာဖြစ်ပါတယ်။ တင်ပြလာတဲ့စီမံကိန်း ဖြစ်မြောက်နိုင်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက နည်းပညာပိုင်းအရသော်လည်းကောင်း၊ စီးပွားရေး ဖြစ်ထွန်းနိုင်မှုအရသော်လည်းကောင်း ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိကို အသေးစိတ်စိစစ်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိမှသာ စီမံကိန်းကိုတည်ဆောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ဆွေးနွေး ညှိနှိုင်းသွားရမှာ ဖြစ်ပါတယ်။ စီမံကိန်းဖြစ်မြောက်နိုင်မှုအစီရင်ခံစာအား အတည်ပြုပြီးမှသာ စီမံကိန်း တည်နေရာအတိအကျနှင့် တမံတည်ဆောက်မည့်နေရာများကို အတိအကျသတ်မှတ်နိုင်မှာဖြစ်သည့် အတွက်ကြောင့် ၎င်းအချက်အလက်များရရှိပြီးချိန်မှသာ စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝပတ်ဝန်းကျင်သက်ရောက်မှုဆန်းစစ်ချက်အစီရင်ခံစာ ESIA တို့ကို ဆက်လက်ဆောင်ရွက်ကာ ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ပြုစုသွားရမှာဖြစ်ပါတယ်။ အဆိုပါ ESIA အစီရင်ခံစာကို သက်ဆိုင်ရာကုမ္ပဏီက ထိုအချိန်ကာလတွင် ပြုစုပြီးနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ပေးပို့ကာ စိစစ်အတည်ပြုချက်ရရှိပြီးနောက်မှသာ စီမံကိန်းအကောင်အထည်ဖော်ခွင့်ကို ရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြဆောင်ရွက်ရမှာဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ရရှိပြီးနောက်မှသာ စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ရေအားလျှပ်စစ်စီမံကိန်းများအတွက် စီမံကိန်းဖြစ်မြောက်နိုင်မှုအစီရင်ခံစာ ပြုစုနိုင်ရေးအတွက် စူးစမ်းလေ့လာတိုင်းတာမှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ မြေမျက်နှာသွင်ပြင်စူးစမ်းလေ့လာတိုင်းတာခြင်း (Topographic Survey)ဆောင်ရွက်ရပါတယ်။ ရေအားအရင်းအမြစ် စိစစ်လေ့လာတိုင်းတာခြင်း (Hydrological Analysis)ဆောင်ရွက်ရပါတယ်။ ဘူမိဗေဒဆိုင်ရာလေ့လာဆန်းစစ်ခြင်း (Geological Studies)ဆောင်ရွက်ရပါတယ်။ ဒီလို(Geological Studies)ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်ကြီးဆွေးနွေးတဲ့ မြေသားကိုဖောက်၍ မြေအောက်မှာရှိတဲ့ ကျောက်သားရဲ့ Quality ၊ ကျောက်သားတည်ရှိရာအနက်တို့ကို စူးစမ်းတိုင်းတာရတာဖြစ်ပါတယ်။

မြစ်ရေစီးနှုန်းတိုင်းတာခြင်းနှင့် မြေသားစမ်းသပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထိုသို့သောလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်တော့ ကိုယ်စားလှယ်ကြီးတင်ပြသွားသကဲ့သို့ အခိုင်အမာအဆောက်အဦများကို တည်ဆောက်ရန် လုံးဝမလိုအပ်ပါ။ မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့ ရေအားလျှပ်စစ်စီမံကိန်းများအတွက် စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်း များဆောင်ရွက်တဲ့အချိန်မှာဆိုရင် ယာယီအဆောက်အဦ အနည်းငယ်ဖြင့်သာ တည်ဆောက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

Natural Current ကုမ္ပဏီက အခိုင်အမာအဆောက်အဦများ ဆောက်လုပ်ထားခြင်းနှင့် ပတ်သက်၍ စိစစ်ချက်အရ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် မြေနေရာရှင်းလင်းခြင်း၊ အဆောက်အဦ များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းများကို သစ်တောဦးစီးဌာန၏ခွင့်ပြုချက်ရယူဆောင်ရွက်မှု မရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ထိုဒေသရဲ့ နယ်မြေလုံခြုံမှုမရှိခြင်းကို အကြောင်းပြု၍ ၎င်းတို့၏သဘောဆန္ဒအရ ဆောင်ရွက်ခဲ့ကြောင်း၊ လမ်းဖောက်လုပ်ခြင်းအား ကုမ္ပဏီအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မူလကတင်ပြထားသော လမ်းအူကြောင်းမှသွေဖည်၍ ချောင်းဆာ ကြိုးဝိုင်းအတွင်း အကျယ် ၄၀ ပေ၊ အရှည် ၂ မိုင်ခွဲရှိ လမ်းသစ်ဖောက်လုပ်ခဲ့ကြောင်း၊ ဝန်ထမ်းများ အတွက် အုပ်ညှပ်နှင့်သွပ်မိုး အဆောက်အဦ ၁၀ လုံး၊ လုပ်သားများနေထိုင်ရန် ယာယီတဲ ၁၃ လုံးကိုလည်း ကြိုးဝိုင်းအတွင်း သစ်တောမျာခုတ်ထွင်ရှင်းလင်းပြီး တည်ဆောက်ထားသည်ကို စိစစ် တွေ့ရှိရပြီး အဆိုပါလုပ်ငန်းများအတွက် Natural Current ကုမ္ပဏီမှာ တာဝန်ရှိကြောင်း တွေ့ရှိရပါ တယ်။ Natural Current ကုမ္ပဏီဟာ သက်ဆိုင်ရာဌာနများကို ဆက်သွယ်တင်ပြခြင်း၊ ခွင့်ပြုချက် တောင်းခံခြင်းမရှိဘဲ တည်ဆောက်ထားကြောင်းပေါ်လွင်ပါတယ်။ ထို့အတွက် လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနက ကုမ္ပဏီအား ၁၁-၇-၂၀၁၇ ရက်နေ့မှာ စာဖြင့်သတိပေး အကြောင်းကြားထားခဲ့ပါတယ်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ Natural Current Energy Hydropower Co..Ltd သည် သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအတွင်းခွင့်ပြုချက် မရရှိဘဲ သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ အဆောက်အဦများဆောက်လုပ်ခြင်း၊ ကျူးကျော်ဝင်ရောက် နေထိုင်ခြင်းတို့ကြောင့် သစ်တောဥပဒေ ပုဒ်မ ၄၀ ပုဒ်မခွဲ(က)နှင့် (ဂ)တို့အရ အရေးယူခြင်းကို သီပေါ မြို့နယ်တရားရုံး၌ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ ကျွန်မမေးထားတဲ့အထဲမှာ ပြည်နယ်အစိုးရရဲ့ကိစ္စရပ်အပေါ် ပါဝင်စီမံခန့်ခွဲမှု အခြေအနေ၊ ပြည်ထောင်စုနဲ့ ပြည်နယ်အစိုးရကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေဆိုတာကို ဝန်ကြီး ဖြေထားတာပြည့်စုံမှုမရှိဘူးလို့ ကျွန်မအနေနဲ့ မြင်ယောင်မိပါတယ်။ ထင်မြင်မိပါတယ်။ ပြီးတော့ ဒီကုမ္ပဏီဟာ ၂၀၁၄ ကတည်းကလုပ်နေတာ ၂၀၁၇ ခုနှစ်ဆိုတော့ ဒါနည်းတဲ့နှစ်မဟုတ်ပါဘူး။ ဒီနည်း တဲ့နှစ်မဟုတ်တဲ့ နှစ်ပေါင်းများစွာတွေထဲမှာ ကျွန်မမြို့နယ်မှာရှိတဲ့ ဌာနဆိုင်ရာကလည်း ဒီလုပ်ငန်းကို မသိဘူး။ ပြည်နယ်ဝန်ကြီးချုပ်ကို မေးမြန်းတော့လည်း ပြည်နယ်ဝန်ကြီးက ဒီစီမံကိန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့မှာ လုံးဝမသိရှိပါဘူးလို့ ဖြေပါတယ်။ နိုင်ငံတစ်ခုမှာဆိုလို့ရှိရင် ဒါကဘာကို ဖော်ညွှန်းပြ နေသလဲဆို စီမံကိန်းကို ဗဟိုအစိုးရကသာချုပ်ကိုင်ထားတယ်ဆိုတာကို ဖော်ပြနေပါတယ်။ တစ်နည်း အားဖြင့် မြန်မာနိုင်ငံရဲ့သယံဇာတ သဘာဝအရင်းအမြစ်တွေကို Power Point သုံးခွင့်ပြုပါရှင်။ ဒီစီမံကိန်းတွေကို ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲပြီး သက်ဆိုင်တဲ့ပြည်နယ်အစိုးရကသာ မသိရှိရ ခြင်း၊ အာဏာသက်ရောက်မှုမရှိခြင်းဟာ ဒီလိုဆိုးကျိုးတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။ တစ်နည်း အားဖြင့် မြန်မာနိုင်ငံရဲ့သယံဇာတသဘာဝအရင်းအမြစ်ကို ဗဟိုမှထိန်းချုပ်ခြင်းဟာ သယံဇာတ ပဋိပက္ခတွေကို ဖြစ်ပေါ်စေပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း ထိခိုက်စေနိုင်ပါတယ်။ အဲဒါ အပြင် ပြည်နယ်တစ်ခုအတွင်းမှာကျရောက်နေတဲ့ ပြည်ထောင်စုရဲ့စွမ်းအင်စီမံကိန်း၊ တခြားစီမံကိန်း တွေကို မြေပေါ်မြေအောက်သယံဇာတတွေကို တူးဖော်ထုတ်လုပ်ရောင်းချတဲ့အချိန်မှာလည်း ဒီလိုကိစ္စ ရပ်တွေ ထပ်မံဖြစ်ပေါ်နိုင်ပါတယ်။ အဲဒါကြောင့် ဒီလိုကိစ္စတွေ မဖြစ်ပေါ်စေနိုင်ဖို့ဆိုတာ ကျွန်မတို့ ပြည်ထောင်စုနဲ့ ပြည်နယ်ကြားမှာ ထပ်တူအာဏာပြုနိုင်ခွင့်ရှိမှသာ ဒီပြဿနာတွေကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းက နောင်မှာ ဒီကဲ့သို့သောဆက်စပ်တဲ့ကိစ္စတွေ ထပ်မံမဖြစ်ပေါ်အောင်ဆိုလို့ရှိရင် ပြည်နယ်နှင့် ပြည်ထောင်စုကြားမှာ ဘယ်လိုဆက်သွယ်ဆောင်ရွက် မလဲဆိုတာ သိရှိလိုပါတယ်။ နောက်တစ်ခုက ဝန်ကြီးဖြေကြားသွားတဲ့ ဒီသစ်တောဥပဒေနှင့် အရေးယူ ဆောင်ရွက်နေပါတယ်ဆိုတာဟာ နဲနဲလွဲချော်မှုရှိနေပါတယ်။ ဒီသစ်တောဥပဒေဟာဆိုလို့ရှိရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၈/၉၂)သစ်တောဥပဒေနဲ့အရေးယူထား တာမှန်ပါတယ်။ အဲဒီဥပဒေထဲမှာဆိုလို့ရှိရင် ဥပဒေပုဒ်မ ၄၀ မှာ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ခု

ရှိလို့ရှိရင် ငွေကျပ် ၅၀၀၀၀နဲ့ ထောင်ဒဏ် ခြောက်လဆိုပြီးတော့ ပါရှိထားပါတယ်။ ဒါပေမဲ့ အခု ဒဏ်ငွေ ၁၀၀၀၀ နဲ့ ပြီးဆုံးထားတယ်လို့ ကျွန်မသိရှိရပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ထပ်ဆင့်မေးခွန်းမှာ ပြည်နယ်အစိုးရကနေ ပြည်ထောင်စုဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်တဲ့ကိစ္စရပ်ကို ဆွေးနွေးမေးမြန်းတာရှိပါတယ်။ ယခု ဒီစီမံကိန်းကို စတင်လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့တဲ့ ယခင်သက်တမ်းကာလတည်းက ဆောင်ရွက်ခဲ့တဲ့ကိစ္စရပ်ဖြစ်တဲ့အတွက် ယခုပြည်နယ်အစိုးရက နောက်သက်တမ်းကာလတစ်ခုမှာ ပြောင်းလဲသွားတဲ့အခါမှာ အချိတ်အဆက်ကလေး အချိတ်အဆက်ဆိုတာ ဒီလုပ်ငန်းတွေတည်ရှိကြောင်းဆိုတဲ့ကိစ္စရပ်လေးတွေ သိရှိနိုင်ဖို့ ဟသွားတာလည်း ဖြစ်နိုင်ပါတယ်။ သို့ရာတွင် ပြည်နယ် ရှမ်းပြည်နယ်အစိုးရနှင့် ပြည်ထောင်စု ဝန်ကြီးဌာနအနေနဲ့ ဒီလိုလုပ်ငန်းတွေလုပ်ကိုင်တဲ့ကိစ္စရပ်တွေကို ပွင့်ပွင့်လင်းလင်းချပြဖို့ ကျွန်တော်တို့ဘက်မှာ အကန့်အသတ်မရှိပါဘူး။ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ နောက်နောင်တိုင်းနှင့်ပြည်နယ်အစိုးရတွေရဲ့ နယ်နိမိတ်တွေအတွင်းမှာ ပြည်ထောင်စုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေတဲ့ကိစ္စရပ်တွေကို ရှင်းလင်းပြောကြားသွားဖို့လည်း ကျွန်တော်တို့ဆက်လက်စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံခန့်ခွဲပိုင်ခွင့်နှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆွေးနွေးချက်ကတော့ မူလမေးခွန်းနဲ့သိပ်သက်ဆိုင်မှုလည်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအရနဲ့သာ သက်ဆိုင်တယ်လို့ပဲ ရှင်းလင်းတင်ပြလိုပါတယ်။ သစ်တောဥပဒေပုဒ်မ ၄၀ အရ စွဲဆိုထားတဲ့အချက်မှားယွင်းမှုရှိ/မရှိဆိုတာကတော့ ဒီကိစ္စရပ်ကို တရားစွဲအမှုဖွင့်တဲ့ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့လုပ်ငန်းတာဝန်ဖြစ်တဲ့အတွက်ကြောင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ မည်သို့မှ သဘောထားမှတ်ချက်ပေးရန် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီမေးခွန်းနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနရော၊ ကျွန်တော်တို့ကိုယ်စားလှယ်တွေရော အားလုံးသိဖို့လိုပါတယ်။ ကျွန်တော်တို့ဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ဇယား(၁)၊ ဇယား(၂)၊ (၃)၊ (၅) အရပဲ ဥပဒေပြုပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးနှင့် အစိုးရနှင့် ပြည်ထောင်စုအစိုးရဆိုတာ ဒီဇယား(၁)၊ (၂)၊ (၃)၊ (၅) ဖွဲ့စည်းပုံမှာပါတဲ့အတိုင်း လုပ်ပိုင်ခွင့်ရှိတယ်။ အခုနက ပြည်နယ်အစိုးရနဲ့ပြည်ထောင်စုအစိုးရနဲ့ ထပ်တူဥပဒေပြုခွင့်ဆိုတဲ့၊ Concurrence

List ဆိုတဲ့ ဥပဒေပြုဇယားက ဒီဖွဲ့စည်းပုံမှာမပါသေးပါဘူး။ အဲဒါကို အားလုံးသိဖို့လိုပါတယ်။ ဒါက ဖွဲ့စည်းပုံဥပဒေပြင်ပြီးလို့ အဲဒီလို Concurrence List ပေါ်လာလို့ရှိရင်တော့ သုံးစွဲခွင့်ရပါမယ်။ အခုနေကတော့ ကျွန်တော်တို့ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းပဲ ကျွန်တော်တို့ ကျင့်သုံးရမှာ ဖြစ်ပါတယ်။

**ဖောင်းပြင်းမြို့နယ်ရှိ တီလောင်ချောင်းအား ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေးအတွက် ပဏာမ Survey လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့်ပတ်သက်ပြီး ရေအားလျှပ်စစ်ထုတ်လုပ်မှု နှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးရန် မေတ္တာရပ်ခံပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဖောင်းပြင်မြို့နယ်ရဲ့ တည်ရှိနေတဲ့ ပုံပါ။ Google Map ကပုံဖြစ်ပါတယ်။ ဖောင်းပြင်အောက်ပိုင်းမှာ၊ ချင်းတွင်းမြစ်ရဲ့ဘေးမှာ စစ်တောင် ဆိုတဲ့ ရွာရှိပါတယ်။ အဲဒီစစ်တောင်ရွာရဲ့ အနောက်ဘက်မှာ မြောက်လတ္တီကျူ ၂၄ ဒီဂရီ ၉ မိနစ် ၃၉ စက္ကန့်နဲ့ အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၃၃ မိနစ် ၂၀.၂ စက္ကန့်မှာ ချောင်းဖျားခံပြီးမှ သညစ်တောင်တန်း နဲ့ မင်းသမီးတောင်တန်းနှစ်ခုကြား တောင်မှမြောက်သို့ စီးဆင်းနေတဲ့ တီလောင် ချောင်းဆိုတာရှိပါ တယ်ခင်ဗျား။ အဆိုပါချောင်းဟာ မြောက်လတ္တီကျူ ၂၄ ဒီဂရီ ၁၂ မိနစ် ၄၈.၀ စက္ကန့်နဲ့ အရှေ့လောင်ဂျီကျူ ၉၄ ဒီဂရီ ၄၂ မိနစ် ၃.၇ စက္ကန့်မှ ဟုမ္မလင်းမြို့နယ် နန်းသညင်းရွာရဲ့မြောက်ဘက်မှာ ချင်းတွင်းမြစ်ထဲ ကို စီးဝင်သွားပါတယ်။ ချောင်းဖျားဟာ ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၄၃.၇၀ မီတာပေအားဖြင့် ၁၁၃၈.၅၇ ပေရှိပြီးမှ ချောင်းရဲ့အစွန်းမြေနေရာဟာ ၁၅၇.၂၂ မီတာ၊ ၅၁၅.၈ ပေရှိပါတယ်။

ဒါကတော့ ချောင်းရဲ့အလျားကို တိုင်းတာထားတာဖြစ်ပါတယ်။ ချောင်းရဲ့အလျားဟာ အဖြောင့် တိုင်းမယ်ဆိုလို့ရှိရင် ၂၂ မိုင်ကျော်ရှည်ပြီးမှ ချောင်းကွေ့တိုင်းတိုင်းတာမယ်ဆိုလို့ရှိရင်တော့ ၃၅.၇၇ မိုင် ရှိပါတယ်ခင်ဗျား။ တောင်တန်းနှစ်ခုကြားကို ဖြတ်သန်းစီးဆင်းလာသောကြောင့် ရေလှောင်တိုင်နဲ့ ဧရိယာပမာဏရှိနိုင်ပြီး လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှုအနေအထား မရှိဘူးလို့လည်း ခန့်မှန်း

ရပါတယ်။ ချောင်းတစ်လျှောက်မှာ ရေတံခွန်ကဲ့သို့ နေရာများလည်း တည်ရှိပြီးတော့ အနိမ့်အမြင့် ကွာခြားချက်ဟာ ၆၂၂.၇၇ ပေရှိပါတယ်။ ဒါကြောင့်မို့ ရေအားလျှပ်စစ်ထုတ်ယူနိုင်လိမ့်မယ်လို့ ယူဆရပါတယ်။ ထုတ်ယူနိုင်မည်လို့ဆိုပါက နိုင်ငံတော်ရဲ့ နှစ်စဉ်လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၅၀၀ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာလည်းဖြစ်သလို ဒေသတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ အဆိုပါတီလောင်ချောင်းကို ရေအားလျှပ်စစ်ထုတ်ယူပေးနိုင်ရေးအတွက် ပဏာမတိုင်းတာမှု Survey လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

တီလောင်ချောင်းအား ၁း၅၀.၀၀၀ စကေး UTM (Universal Transverse Marcator) မြေပုံပေါ်မှာ ကျွန်တော်တို့ စူးစမ်းလေ့လာမှု ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ စူးစမ်းလေ့လာမှုဆောင်ရွက်ချက်အရဆိုရင် ရေဆင်းဧရိယာပေါင်း ၁၇.၂ စတုရန်းမိုင်ရှိမှာဖြစ်ပြီး ရေအားအမြင့်အနေနဲ့ ပေ ၂၀၀ ခန့် ရရှိမှာဖြစ်ပါတယ်။ အဆိုပါအနေအထားအရ ခန့်မှန်းတွက်ချက်မယ်ဆိုလို့ရှိရင် လျှပ်စစ်ဓာတ်အားအများဆုံးထွက်ရှိမယ့် အချိန်မှာ ၂၀၀ ကီလိုဝပ် ထုတ်လုပ်နိုင်မှာဖြစ်ပြီး အနည်းဆုံး ထွက်ရှိနိုင်မယ့်အချိန်မှာဆိုရင် ၄၅ ကီလိုဝပ် ထုတ်ယူနိုင်မယ်လို့ လေ့လာတွေ့ရှိပါတယ်။ အဆိုပါ တီလောင်ချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်ပြီး ပဏာမစူးစမ်းတိုင်းတာရေးလုပ်ငန်းများကို မြေပြင်မှာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးဌာနအနေနဲ့ ယခုလာမည့်ပွင့်လင်းရာသီ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ပထမပတ်မှာ စူးစမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကျွမ်းကျင်အင်ဂျင်နီယာများနှင့်အဖွဲ့ကို တည်နေရာသို့ စေလွှတ်သွားမှာဖြစ်ပြီး စူးစမ်းတိုင်းတာ

တွေ့ရှိချက်အခြေအနေများကို အစီရင်ခံစာပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ထံသို့ နိုဝင်ဘာလအတွင်းမှာ ပေးပို့တင်ပြသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတွင် (၁၂) လကာလအတွင်း လျှပ်စစ်မပြတ်တောက်စေရန် လျှပ်စစ်ထုတ်လုပ်ရေးအပိုင်းတွင် Generation Mix Plan အား မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီ (၁၂)လရာသီကာလမှာ လျှပ်စစ်ကောင်းမွန်ရေးအတွက် Generation Mix NNP Mix ကို ဘယ်လိုဝန်ကြီးဌာနအနေနဲ့ ပြုပြင်ပြောင်းလဲမလဲ။ ဘယ်လိုလုပ်ဆောင်မလဲဆိုတဲ့မေးခွန်းကို မေးမြန်း ပါမယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ၂၀၁၅-၂၀၁၆ Generation Mix NNP Mix မြန်မာနိုင်ငံရဲ့လက်ရှိအနေအထားဖြစ်ပါတယ်။ ၅၉ ရာခိုင်နှုန်းကို ရေအား(Hydro Power) လျှပ်စစ်ကထုတ်ပါတယ်။ ဒီ ၄၁ ရာခိုင်နှုန်းကိုတော့ သဘာဝဓာတ်ငွေ့ရယ်၊ တခြား ဒီဇယ် Generation နဲ့ အခုဆိုရင် တီဂျစ်ကပါ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းမှာပါပြီး ၄၁ ရခိုင်နှုန်း ထုတ်ပါတယ်။ ဒါကတော့ တခြားနိုင်ငံတွေရဲ့ Generation Mix ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် နှစ်ခုလောက်ပဲရှိပေမဲ့ တိုးတက်တဲ့အမေရိကမှာဆိုရင် ၃၉ ရာခိုင်နှုန်းကို ကျောက်မီးသွေးနဲ့ ထုတ်တယ်။ ခုနစ်ရာခိုင်နှုန်းကို ဆိုလာတို့၊ ပြည့်မြဲစွမ်းအင်နဲ့ထုတ်တယ်။ တစ်ရာခိုင်နှုန်းကိုတော့ အခြားကထုတ်တယ်။ ခြောက်ရာခိုင်နှုန်းကို ရေနံ၊ သဘာဝဓာတ်ငွေ့က ထုတ်တယ်။ ၂၇ ရာခိုင်နှုန်းကိုတော့ ရေနံသဘာဝဓာတ်ငွေ့ကထုတ်တယ်။ ၂၀ ရာခိုင်နှုန်းကိုတော့ နျူးကလီးယားကထုတ်ပါတယ်။ အိမ်နီးနားချင်း တရုတ်နိုင်ငံဟာဆိုရင် ကျောက်မီးသွေးက ၆၆ ရာခိုင်နှုန်းနဲ့ ထုတ်နေတယ်။ ခြောက်ရာခိုင်နှုန်းက ဆိုလာတို့၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ထုတ်တယ်။ ၂၂ ရာခိုင်နှုန်းကတော့ ရေအားနဲ့ထုတ်တယ်။ ငါးရာခိုင်နှုန်းကတော့ သဘာဝဓာတ်ငွေ့နဲ့ထုတ်တယ်။ ကျန်တဲ့ဥစ္စာကတော့ နျူးကလီးယားနဲ့ထုတ်ပါတယ်။ ဒါကတော့ အခုကျွန်တော်တို့နိုင်ငံမှာ ရေအားလျှပ်စစ်ကို ၅၉

ရာခိုင်နှုန်းဆိုပြီးထားတဲ့အတွက် ကျွန်တော်တို့နိုင်ငံက နွေရာသီဆိုရင် ဒုက္ခရောက်ကြပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမလုံလောက်တော့တဲ့အတွက် မီးပြတ်တဲ့ဒဏ်ကို ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော် ဆိုလိုချင်တဲ့အပိုင်းကတော့ ကျွန်တော်တို့က Generation Mix ကို ပြုပြင်ပြောင်းလဲရမယ်လို့ တွေ့ရှိရပါတယ်။ ဒါဆိုရင် ဗီယက်နမ်နိုင်ငံ။ ဗီယက်နမ်နိုင်ငံမှာဆိုရင် ၂၀၁၀ ခုနှစ်မှာ Generation Mix ကို ၁၈ ရာခိုင်နှုန်းကို ကျောက်မီးသွေးနဲ့ထုတ်တယ်။ သုံးရာခိုင်နှုန်းကို လောင်စာနဲ့ထုတ်တယ်။ ၃၉ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့နဲ့ထုတ်တယ်။ ၃၀ ရာခိုင်နှုန်းကို ရေအားနဲ့ထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့က Generation Mix ကိုအသေမထားဘဲနဲ့ သဘာဝ ဘေးဒဏ်တွေကြောင့် မိုးခေါင်ရေရှားတာတွေလည်းဖြစ်နိုင်ပါတယ်။ မျိုးစုံဖြစ်နိုင်တဲ့အတွက် Generation Mix ကိုသူတို့ပြန်ပြောင်းခဲ့ပါတယ်။ ဆိုတော့ ၂၀၂၀ ခုနှစ်မှာ သူတို့ဘယ်လိုပြောင်းမလဲ ဆိုတော့ ၂၉ ရာခိုင်နှုန်းကို ကျောက်မီးသွေးနဲ့ ထုတ်တယ်။ ၃၆ ရာခိုင်နှုန်းသည် ရေအားနဲ့ထုတ်မယ်။ ၂၆ ရာခိုင်နှုန်းကို သဘာဝနဲ့ထုတ်မယ်။ သူတို့ ဒီလိုဆိုပြီးတော့ ပြောင်းလဲခဲ့ပါတယ်ခင်ဗျား။ ကျွန်တော်တို့နဲ့အနီးနားဆုံးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံကိုနမူနာပြောပြပါမယ်။ ကမ္ဘာဒီးယားနိုင်ငံ ဆိုရင် ၂၀၁၀ ခုနှစ်မှာ ၅၅ ရာခိုင်နှုန်းကိုရေအားနဲ့ ထုတ်ခဲ့တယ်။ ၄၅ ရာခိုင်နှုန်းကို လောင်စာဆီနဲ့ ထုတ်ခဲ့တယ်။ ဒါပေမဲ့ သူတို့ Generation Mix ကို သူတို့ပြင်ခဲ့ပါတယ်။ ရေအားနဲ့ထုတ်တယ်ဆိုတာ နွေရာသီမှာ မိုးမရွာရင်ရေမရတဲ့အတွက်၊ မလုံလောက်တဲ့အတွက် ၂၀၂၀ ခုနှစ်မှာ ကမ္ဘောဒီးယားနိုင်ငံ က ၄၅ ရာခိုင်နှုန်းအား ကျောက်မီးသွေးနဲ့ထုတ်မယ်လို့ လျာထားပါတယ်။ ရေအားကို ၅၅ ရာခိုင်နှုန်းအစား ၄၁ ရာခိုင်နှုန်းကိုလျှော့ချလိုက်ပါတယ်။ လောင်စာဆီကို ၄၅ ရာခိုင်နှုန်းကနေ အများနေရာက နေလျှော့ပေါ့ပြီးတော့ ၁၀ ရာခိုင်နှုန်းနဲ့ လျှော့လိုက်ပါတယ်။ ပြီးတော့ လေးရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့နဲ့လျှော့လိုက်ပါတယ်။ လာအိုမှာဆိုရင် ၂၀၁၀ ခုနှစ်တုန်းက ရေအားနဲ့ချည်းပဲ ၁၀၀ ရာခိုင်နှုန်းထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီရေအားနဲ့ချည်းပဲထုတ်တဲ့ဟာကို ပိုမိုကောင်းမွန်စေရန်အတွက် Generation Mix ကိုသူတို့က ၂၀၂၀ ခုနှစ်မှာ ကျောက်မီးသွေးကို ၄၉ ရာခိုင်နှုန်းနဲ့ထုတ်မယ်။ ရေအားကိုလျှော့ချပြီးတော့ ၅၁ ရာခိုင်နှုန်းနဲ့ထုတ်ပါမယ်။

ကျွန်တော်တို့နိုင်ငံမှာ ကျွန်တော်ပထမဦးဆုံးပြောခဲ့သလိုပေါ့။ ဒီ Generation Mix က (၁၂)လရာသီ နွေ၊ မိုး၊ ဆောင်းကောင်းဖို့အတွက် အရမ်းအရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ Generation Mix မကောင်းဘူးဆိုရင်၊ မိုးခေါင်တဲ့ ဧပြီလ၊ မေလဆိုရင် ရေအားလျှပ်စစ်က မထုတ်နိုင်တော့ပါဘူး။ ဒါကြောင့် ရေအားလျှပ်စစ်မထုတ်နိုင်တဲ့အချိန်မှာ တခြား NLG နဲ့ အခြားဥစ္စာတွေနဲ့

ဘယ်လိုထုတ်မလဲ။ ဝန်ကြီးဌာနအနေနဲ့ (၁၂)ရာသီကောင်းမွန်ရန်အတွက် Generation Mix ကို ဘယ်လို ရေးဆွဲထားလဲ။ ဘယ်လိုပြင်ဆင်ထားလဲဆိုတာ သိချင်ပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျောက်တံတား မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလက်ရှိအခြေအနေက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝ ဓာတ်ငွေ့သုံးနှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံးစက်ရုံတို့ကနေ လျှပ်စစ် ဓာတ်အားထုတ်လုပ်ပြီး တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိပါတယ်။ အဆိုပါဓာတ်အား ပေးစနစ်တစ်ခုက တစ်နေ့မှာ(၂၄)နာရီပတ်လုံးနှင့် တစ်နှစ်မှာ(၁၂)လရာသီပတ်လုံး စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ပေးနိုင်မယ့် စက်မျိုးလိုအပ်ပါတယ်။ ရာသီကာကလ၊ အချိန်ပြောင်းသွားတာ၊ တစ်နေ့တာရဲ့ နာရီပိုင်းအလိုက်အချိန်ပြောင်းသွားနဲ့အမျှ ဓာတ်အားထုတ်လုပ်နိုင်မှုမရှိတဲ့စက်မျိုး အရေအတွက်နည်းပါးမှ ဓာတ်အားစနစ်က တည်ငြိမ်စွာနဲ့ပေးနိုင်တာဖြစ်ပါတယ်။ အဲဒီလိုတစ်နှစ်ပတ် လုံး (၂၄)နာရီပတ်လုံး ဓာတ်အားထုတ်လုပ်နိုင်တဲ့ စက်အမျိုးအစားတွေကို ကျွန်တော်တို့က Base Load Generation ထုတ်လုပ်ပေးနိုင်တဲ့ ဓာတ်အာပေးစက်များလို့ ကျွန်တော်တို့ သတ်မှတ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ တည်ငြိမ်တဲ့ဓာတ်အားပေးစနစ်ကို ရရှိဖို့ဆိုရင် အဆိုပါစက်အမျိုးအစားတွေကို အဓိကထားပြီး တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ဒီအပြင် သုံးစွဲနေတဲ့လျှပ်စစ်ဓာတ်အားနဲ့ ထုတ်လုပ် ပေးနိုင်တဲ့လျှပ်စစ်ဓာတ်အား လုံလောက်နေရုံလောက်နှင့် မျှတနေရုံလောက်နဲ့မရဘဲနဲ့ စက်များကို ရပ်တန့်ပြုပြင် စစ်ဆေးရတဲ့အချိန်တွေမှာ အစားထိုးဓာတ်အားထုတ်လုပ်နိုင်ဖို့အတွက် အရန်ဓာတ်အား ပေးစက်များကိုလည်း လုံလောက်အောင်တည်ဆောက် ထားဖို့လိုအပ်ပါတယ်။ ရာသီဥတုအခြေအနေ အရ ပြောင်းလဲလာခဲ့လို့ရှိရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုရဲ့လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် စက်မှု လုပ်ငန်းများရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေဟာလည်းပဲ ရာသီဥတုပေါ်မှာမူတည်ပြီး လိုက်ပါ

ပြောင်းလဲနေတာဖြစ်ပါတယ်။ ယခုလို မိုးတွင်းကာလလိုမျိုးမှာ ပြည်သူတွေရဲ့ ဓာတ်အားသုံးစွဲမှု၊ စက်ရုံတွေဓာတ်အားသုံးစွဲမှု၊ မြစ်ရေတင် လျှပ်စစ်သုံးစွဲမှုတွေ နည်းပါးသွားတဲ့အခါမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုလျော့နည်းသွားသော်လည်း နွေရာသီကိုရောက်ရှိလာရင် ရာသီဥတုပူပြင်းတာနှင့်အမျှ အဲကွန်းများသုံးစွဲမှု၊ မြစ်ရေတင်များ အများအပြားသုံးစွဲမှုကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်တိုးပွားလာတာဖြစ်ပါတယ်။ အဆိုပါကဲ့သို့ အခြေအနေများကို ရာသီဥတုမရွေး ပြည့်မီအောင်ပေးနိုင်ဖို့ဆိုရင် သင့်တော်တဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ အချိုးချဓာတ်အားထုတ်လုပ်တဲ့နည်း Generation Mix ကို စီမံကြရတာဖြစ်ပါတယ်။

Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့တစ်နေ့တာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်အလိုက် Graph ဖြင့်ဖော်ပြထားတာဖြစ်ပါတယ်။ မနက်ဦးပိုင်း အချိန်ဆိုရင် လူတွေအိပ်မောကျနေတဲ့အတွက်ကြောင့် သုံးစွဲမှုနည်းပါးပြီး၊ အိပ်ယာနိုးလာတဲ့အချိန်ကစပြီး နေ့ပိုင်းကာလတွေမှာ ဓာတ်အားသုံးစွဲမှုမြင့်မားလာကာ ညအချိန်ကိုရောက်လာရင် တဖြည်းဖြည်း ဓာတ်အားသုံးစွဲမှု လျော့ကျသွားတဲ့ Graph ပဲဖြစ်ပါတယ်။ အဆိုပါ Graph ကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် အောက်ခြေမှာအပြာရင့်ရောင်ဖြင့် ဖော်ပြထားတဲ့ပုံစံသည် တစ်နေ့တာရဲ့ ၂၄ နာရီ တစ်လျှောက်လုံး ကိန်းသေနီးပါးတောက်လျှောက် ဓာတ်အားထုတ်လုပ်ပေးနေရမယ့် အခြေအနေဖြစ်တဲ့အတွက်ကြောင့် အဆိုပါအခြေအနေကို ကျွန်တော်တို့ Base Load Generation လို့ခေါ်တာဖြစ်ပါတယ်။ လူတွေအိပ်ယာကနိုးထလာတဲ့ မနက် ၅ နာရီ၊ ၆ နာရီအချိန်ခန့်မှစပြီး ညနေပိုင်း ၁၀ နာရီ၊ ၁၁ နာရီခန့်လောက်အထိသာ ဓာတ်အားထုတ်လုပ်ပေးရမယ့် အလယ်မှာအပြာဖျော့ရောင်နဲ့ ဖော်ပြထားတဲ့ဟာကို Intermediate Load လို့ခေါ်တာဖြစ်ပါတယ်။ တစ်နေ့တာရဲ့အများဆုံး အချိန်လေးအတိုင်းအတာ ခုနစ်နာရီ၊ ရှစ်နာရီခန့်ပိုပြီး ဓာတ်အားသုံးစွဲတဲ့အခြေအနေကို Peak Load လို့ ကျွန်တော်တို့ သတ်မှတ်တာဖြစ်ပါတယ်။ အဆိုပါကဲ့သို့ (၂၄)နာရီဆက်တိုက် Base Load အဖြစ်ပေးနိုင်ဖို့ဆိုရင် စဉ်ဆက်မပြတ်ဓာတ်အားလည်းထုတ်နိုင်ရမယ်။ ထုတ်လုပ်တဲ့ဓာတ်အား ထုတ်လုပ်မှုကုန်ကျစရိတ်ကလည်း သက်သာရမယ့်အမျိုးအစားတွေ လိုအပ်ပါတယ်။ အဆိုပါကဲ့သို့ ထုတ်လုပ်ပေးနိုင်ဖို့ဆိုလို့ရှိရင် စီးဆင်းနေတဲ့ရေစီးအားကို အသုံးပြုကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ Run-off River Type အမျိုးအစားတွေ လိုအပ်ပါတယ်။ နျူးကလီးယားဓာတ်အားပေးစက်ရုံတွေ လိုအပ်ပါတယ်။ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေလိုအပ်ပါတယ်။ အဆိုပါစက်ရုံ အမျိုးအစားတွေဟာ Base Load Generation အမျိုးအစားတွေဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာ Run-off River Type

ရေအားလျှပ်စစ်အမျိုးအစားစက်ရုံ သုံးလေးရုံခန့်ရှိပါတယ်။ သို့သော် မိမိတို့နိုင်ငံရဲ့ Base Load Generation အတွက် ပြည့်မီအောင်ဖြည့်ဆည်းနိုင်တဲ့ အနေအထားတော့မရှိပါဘူး။ အလားတူ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံဟာလည်း တစ်ရုံသာရှိပြီး ဓာတ်အားထုတ်လုပ်မှု ပမာဏဟာ အတော်နည်းပါတယ်။ နျူးကလီးယားဓာတ်အားပေး စက်ရုံမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ Base Load Generation အမျိုးအစား ဓာတ်အားပေးစက်ရုံတွေ လုံလောက်မှုမရှိတဲ့အနေအထား ကို သုံးသပ်ရရှိပါတယ်။ Intermediate Load Generation ကိုဖြည့်ဆည်းဖို့ဆိုလို့ရှိရင် တမံများကို တည်ဆောက်ထားပြီး ရေစုဆောင်းထားတဲ့ Dem-Type Hydro Power ရေအား လျှပ်စစ်ဓာတ်အား ပေးစက်ရုံကနေ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးရမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာတော့ အဲဒီလို ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံအမျိုးအစား အတော်အများများရှိပါတယ်။ ပြီးတော့ သဘာဝ ဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံတွေကနေ ဓာတ်အားထုတ်လုပ်ပေးရမှာဖြစ်ပါတယ်။ Peak Load Generation ကို ဓာတ်အားထုတ်လုပ်ပေးဖို့ဆိုရင်တော့ ဓာတ်အားထုတ်လုပ်ကုန်ကျစရိတ်ကြီးမားတဲ့ ဒီဇယ်ဓာတ်အား ပေးစက်ရုံ၊ လေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ် ဒီလိုအမျိုးအစားတွေကနေမှ ကျွန်တော်တို့ ထုတ်လုပ်ပြီးပေးရတာဖြစ်ပါတယ်။ ပြည်သူလူထုတွေ (၂၄)နာရီဓာတ်အားရရှိဖို့ဆိုရင် Base Load Generation ကို ကောင်းကောင်းတည်ဆောက်ရမှာ ကျွန်တော်တို့စဉ်းစားရမှာဖြစ်ပါ တယ်။ လက်ရှိအနေအထားမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံက ၂၉ ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံက ၁၄ ရုံနှင့် ကျောက်မီးသွေးသုံးဓာတ်အားပေး စက်ရုံတစ်ရုံတို့နဲ့ Generation Mix ကိုပေါင်းစပ်ပြီး ကျွန်တော်တို့ ဓာတ်အားပေးလျက်ရှိပါတယ်။ နွေရာသီမှာရေဝင်ရောက်မှုနည်းပါး ပြီး စက်ရုံတွေမှာ၊ ဆည်တွေမှာရေအမြင့်လျော့ကျတဲ့အချိန်မှာတော့ ကျွန်တော်တို့ရဲ့ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွေက ဓာတ်အားထုတ်လုပ်နိုင်မှုနည်းပါးသွားပြီး ပြည်သူတွေက ဓာတ်အားသုံးစွဲ မှုမြင့်မားလာတဲ့အချိန် တိုက်ဆိုင်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဓာတ်အားပေးရတာဟာ နည်းနည်း အခက်အခဲတွေကို ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

ယခုလိုမိုးရာသီမှာကျတော့ ရေတွေအဝင်များပြီး ဆည်တွေမှာရေတွေပြည့်ကာ ဓာတ်အား ထုတ်လုပ်နိုင်ပေမဲ့ တစ်တိုင်းပြည်လုံးရဲ့ ဓာတ်အားသုံးစွဲမှုဟာ ကျွန်တော်တင်ပြသွားသကဲ့သို့ လျော့ကျသွားတဲ့အခါကျတော့ လျှပ်စစ်ထုတ်တဲ့အခြေအနေကို ပြန်လည်လျှော့ချထုတ်လုပ်နေရတာ ဖြစ်ပါတယ်။ နွေရာသီဓာတ်အားမလုံလောက်မှုကို ကျော်လွှားဖို့အတွက်ဆိုပြီး ကျွန်တော်တို့ ဂျပန်နိုင်ငံ JICA ရဲ့အကူအညီနဲ့ နှစ်ရှည် Master Plan ကို ရေးဆွဲဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲလိုရေးဆွဲ

ဆောင်ရွက်ရာမှာ နှစ်အလိုက်တိုးတက်လိုအပ်လာမယ့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်တွေ ရာသီမရွေး၊ အချိန်မရွေးတည်ငြိမ်ကောင်းမွန်တဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်မယ့်စွမ်းအင်အရင်းအမြစ်မျိုးစုံကို ပေါင်းစပ်အသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်တဲ့ အစီအစဉ်များကိုဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်သက်သာရန်နှင့် သဘာဝပတ်ဝန်းကျင်အပေါ်မှာ အကျိုးသက်ရောက်မှုကိစ္စရပ်တွေကိုပါ ပေါင်းစပ်စဉ်းစားပြီးမှ ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်၊ ကျောက်မီးသွေးသုံးလျှပ်စစ်၊ ပြန်လည်ပြည့်ဖြိုးမြဲလျှပ်စစ်တို့ကို အချိုးညီညီပေါင်းစပ်ဆောင်ရွက်ရန် ကျွန်တော်တို့ တွက်ချက်ခဲ့ကြတာဖြစ်ပါတယ်။

ဒါကတော့လက်ရှိ ၂၀၁၆-၂၀၁၇ ခုနှစ်မှာရှိနေတဲ့ Generation Mix လေးဖြစ်ပြီး JICA နဲ့ရေးဆွဲခဲ့တဲ့ Master Plan မှာကတော့ အနာဂတ်ကာလမှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု Generation Mix ဟာ နိုင်ငံတကာမှာရှိတဲ့ တည်ငြိမ်စိတ်ချရသော (၂၄)နာရီ တစ်နှစ်ပတ်လုံး ကောင်းမွန်စွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တဲ့ Generation Mix များဖြစ်ပေါ်လာရေးအတွက် ရည်ရွယ်ပြီးတော့ ရေအားလျှပ်စစ်ကနေ ၃၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်က ၂၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေးသုံးလျှပ်စစ်က ၃၃ ရာခိုင်နှုန်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးလျှပ်စစ်က ၉ ရာခိုင်နှုန်းကို အချိုးကျကျမျှတပါဝင်အောင် ရေးဆွဲဆောင်ရွက်ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်လည်ဖြေကြားပေးတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြေသွားတာ ၂၀၃၀ ခုနှစ်ကျမှ ကျွန်တော်တို့ Generation Mix ကတည်ငြိမ်မယ့်သဘောရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်သိချင်တာကတော့ ဒီ ၂၀၃၀ ခုနှစ်မရောက်ခင်မှာ ငါးနှစ်တာသက်တမ်းအတွင်းမှာ နွေရာသီမှာ ဒီဝန်ကြီးဖြေထားတဲ့အတိုင်း ရေအားကလည်း လျှပ်စစ်တွေလျော့လာတယ်ပြောပါတယ်။ နွေရာသီငါးနှစ်အတွက် Generation Mix ကို ဘယ်လိုယာယီနဲ့ ဘယ်လိုပြည်သူတွေ နွေရာသီမှာမီးကောင်းအောင်အတွက် ဘယ်လိုပြင်ဆင်ထားလဲဆိုတာကို သိချင်ပါ၍ တစ်ဆက်တစ်စပ်တည်းမေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**မူကြမ်း**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လက်ရှိ ၂၀၁၆-၂၀၁၇ ခုနှစ်ရဲ့ Generation Mix မှာ ရေအားလျှပ်စစ်ရဲ့ရာခိုင်နှုန်းက အထူးများပြားပြီး ဒုတိယ အများဆုံးကတော့ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးရဲ့အချိုးဖြစ်ပါတယ်။ ကျောက်မီးသွေး သုံးရဲ့အချိုးက အင်မတန်နည်းပါတယ်။ ဒီ Generation Mix တစ်ခုရဲ့ ရာခိုင်နှုန်းကို အနာဂတ်ကာလ ရဲ့မျှော်မှန်းရာခိုင်နှုန်းအထိ၊ မျှတတဲ့အထိရောက်ရှိအောင်ဆိုရင်တော့ ကျွန်တော်တို့အဆင့်အလိုက် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ လက်ရှိ ငါးနှစ်တာကာလအတွင်းနဲ့ပတ်သက်ရင်တော့ ကျွန်တော် တို့ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများရဲ့အချိုးထက် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ များရဲ့အချိုးဟာ လတ်တလောငါးနှစ်တာကာလအတွင်းမှာ ယခုထက်ပိုမိုတိုးမြှင့်လျာထားလာမှာ ဖြစ်ပါတယ်။ အလားတူ မင်းဘူးဒေသမှာဆောင်ရွက်နေတဲ့ စုစုပေါင်းအားဖြင့် ၂၂၀ မဂ္ဂါဝပ်ထိ လျှပ်စစ် ဓာတ်အားထွက်မယ့် နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ယခုတည်ဆောက်နေတာ ဖြစ်ပြီး ၂၀၁၈ ခုနှစ်မှာ ပထမအဆင့် ၄၀ မဂ္ဂါဝပ် စတင်တည်ဆောက်ပြီးစီးမှာဖြစ်တဲ့အတွက်ကြောင့် ပြည့်ဖြိုးမြဲ စွမ်းအင်ရဲ့ပါဝင်မှုဟာလည်း လာမယ့် ၂၀၁၈ ခုနှစ်ကစပြီးတော့ တိုးချဲ့ပါဝင်လာမှာ ဖြစ်ပါတယ်။ အဆိုပါ နေရောင်ခြည်သုံးစက်ရုံရဲ့ ၄၀ မဂ္ဂါဝပ်ဟာ ဒုတိယအဆင့်မှာ နောက်ထပ် ၄၀ မဂ္ဂါဝပ်၊ တတိယ အဆင့်မှာ နောက်ထပ် ၄၀ မဂ္ဂါဝပ်နဲ့ စတုတ္ထအဆင့်မှာ နောက်ထပ် ၅၀ မဂ္ဂါဝပ်လည်း ပါဝင်လာမှာဖြစ်တဲ့အတွက်ကြောင့် ပြည့်ဖြိုးမြဲစွမ်းအင်ရဲ့ ပါဝင်မှုအချိုးဟာလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ လတ်တလော ကျွန်တော်တို့ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေရဲ့ စုဆောင်းနိုင်တဲ့ ရေအားနဲ့ပတ်သက်ပြီးတော့လည်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွေနဲ့ နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံတွေရဲ့အချိုးက ပိုမိုမြင့်မားလာမယ်ဆိုခဲ့ရင် ရေအားလျှပ်စစ်ကို မလိုအပ်တဲ့ အချိန်တွေမှာ ထုတ်လုပ်အသုံးချခြင်းကလျှော့ချနိုင်မှာဖြစ်တဲ့အတွက်ကြောင့် တကယ်လိုအပ်လာမယ့် နွေရာသီကာလတွေအတွက် ဆည်ရေတွေကို ယခုထက်ပိုမိုစုဆောင်းနိုင်မယ်ဆိုခဲ့ရင် အခုလာမယ့် ငါးနှစ်တာ ကာလအတွင်းမှာ ယခုတည်ရှိနေတဲ့ ရေအားအပေါ်မှာ အလွန်အမင်းမှီခိုနေတဲ့ ရာခိုင်နှုန်းထက်ပိုမိုပြီး သင့်တော်တဲ့ရာခိုင်နှုန်းကိုရောက်ရှိလာမှာဖြစ်ပါတယ်ဆိုတာလေးကို ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသတွင် လျှပ်စစ်မီး ရရှိရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့် ပတ်သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်သို့ ပြန်လည် ထားရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဒေါ်မိကွန်ချမ်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့်ပတ်သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို တင်သွင်းမှာဖြစ်ပါတယ်။ ကျွန်မတင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ကျေးလက်လျှပ်စစ်မီးလင်းရေးကော်မတီမှ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို ကျေးရွာပြည်သူတွေအပေါ် ငွေကြေးအလွဲသုံးစားလုပ်နေမှုနှင့် လျှပ်စစ်ဥပဒေကို လက်တစ်လုံးခြား လုပ်ဆောင်နေမှုကို အရေးယူဆောင်ရွက်စေချင်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျေးလက်ဒေသအတွက် လျှပ်စစ်သုံးစွဲရာမှာ စနစ်တကျဖြစ်ရန်အတွက် မူဝါဒများကိုလည်း ချမှတ်စေချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အတိုင်းအတာအနေနဲ့ လျှပ်စစ်သုံးစွဲနိုင်တာ ၃၈.၅ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ အများဆုံးကတော့ မြို့နယ်လူထုသာဖြစ်ပြီး ကျေးလက်ဒေသပြည်သူတွေနဲ့ လျှပ်စစ်မီးရရှိရန်မှာ ကိုယ်ထူကိုယ်ထ၊ ကိုယ်အားကိုယ်ကိုးပြီးတော့ပဲ ဆောင်ရွက်နေရပါတယ်။ မြို့ပေါ်မှာ မီးရရှိရန်အတွက်က မိမိတို့အိမ်ရှေ့မှာ ဓာတ်တိုင်ကနေပြီး တိုက်ရိုက်သွယ်တန်းပြီးတော့ မီတာတစ်လုံးကို ၉၀၀၀၀ လောက်ပဲပေးပြီးတော့ ချက်ချင်းသွယ်တန်းနိုင်ပေမယ့် ကျေးရွာပြည်သူတွေမှာတော့ ဓာတ်အားခွဲရုံ နှစ်မိုင်ပတ်လည်အတွင်းမှာရှိတဲ့ ကျေးရွာတွေမှာသာ အစိုးရအနေနဲ့

ခေတ်မီးတိုင်၊ မီးကြိုး၊ ထရန်စဖော်မာတွေကို သွယ်တန်းခွင့်ပေးပါတယ်။ အလှမ်းဝေးကွာတဲ့ ကျေးရွာတွေအတွက်တော့ ကိုယ်အားကိုယ်ကိုးပြီးတော့ ကျေးလက်မီးလင်းရေးကော်မတီကို ဖွဲ့ပြီးတော့ ငွေကောက်ခံပြီးတော့ ဆောင်ရွက်စေပါတယ်။ ၂၀၀၅ ခုနှစ် ဝန်းကျင်လောက်မှာ ဒီမီးလင်းရေးကော်မတီက စတင်ပြီးတော့ ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ မီးလင်းရေးကော်မတီဟာ ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီးတော့ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်နဲ့ ပြည်နယ်လျှပ်စစ်ဌာနရဲ့ခွင့်ပြုချက်ကို ရယူပြီးမှ မီးသွယ်တန်းခွင့်ရရှိပါတယ်။ အဲဒီခေတ်တုန်းကဆိုရင် မီတာတစ်လုံးကို အိမ်တစ်အိမ်ကိုဆိုရင် ၁၂ သိန်းပေးပြီးတော့ မီးသွယ်တန်းရပါတယ်။ ဒီလိုမျိုး သွယ်တန်းတဲ့နေရာမှာ အိမ်ခြေ ၁၀၀၀ ရှိမယ်ဆိုရင် အိမ်ခြေ ၃၀၀ ကနေစပြီးတော့ ငွေကို မတည်ပြီးတော့ မီးကိုစပြီးတော့ သွယ်တန်းရပါတယ်။ ဥပမာ ကုန်ကျစရိတ် သိန်း ၂၀၀၀ ကုန်ကျမယ်ဆိုရင် ဒီမီးလင်းရေးကော်မတီကနေပြီးတော့ နောက်ပိုင်းမှာ ခုနစ်သိန်းတို့၊ ငါးသိန်းတို့ ပြန်ပြီးတော့ မီတာတစ်လုံးကို ဒီလိုမျိုး ပြန်ရောင်းချတဲ့အခါကျတော့ အရင် ၁၂ သိန်းပေးရတဲ့ပြည်သူတွေအနေနဲ့ ဒါကိုရှင်းတမ်းလေးလုပ်ပါဆိုပြီးတော့ တောင်းဆိုတဲ့အတွက် မီးလင်းရေးကော်မတီရဲ့ငွေအလွဲသုံးစားမှုတွေ စတင်ပြီးတော့ ပေါ်ပေါက်လာပါတယ်။ အဲဒီမှာ ငွေရှင်းတမ်းတွေ မလုပ်ဘဲနဲ့ ယခုအချိန်ထိတိုင် ၁၀ နှစ်ကျော်ကျော်မလုပ်နိုင်သေးတဲ့ မီးလင်းရေးကော်မတီတွေလည်း ရှိပါတယ်။ အချို့မီးလင်းရေးကော်မတီတွေဆိုရင် လက်ပြောင်းလက်လွှဲငါးဆင့်လောက်ကို ပြောင်းလဲထားတဲ့အတွက် ဘယ်သူ့ကို ဘယ်လိုအရေးယူဆောင်ရွက်ရမယ်ဆိုတာကိုလည်း ပြည်သူတွေအနေနဲ့ တော်တော်လေးအခက်အခဲကြုံတွေ့ခဲ့ရပါတယ်။ အချို့မီးလင်းရေးကော်မတီတွေမှာဆိုရင် မီးကြိုးသွယ်တန်းတဲ့နေရာမှာ ထရန်စဖော်မာ၊ ခေတ်တိုင်တွေမှာ အဆင့်မမီတဲ့အတွက်ကြောင့် တစ်ချိန်လုံး မီးကြိုးတွေ ပြန်ပြီးတော့ သွယ်တန်းရတဲ့အတွက် ပြည်သူမှာ ထပ်တလဲလဲငွေကြေးတွေ ကုန်ကျနေရပါတယ်။ အချို့မီးလင်းရေးကော်မတီတွေမှာဆိုရင် အချို့ကျေးရွာတွေမှာ မီတာခကို ထိန်းသိမ်းစောင့်ရှောက်ခဆိုပြီးတော့ တစ်အိမ်ကို ၁၀၀၀ ကျပ်နှုန်းကောက်တဲ့အတွက်ကြောင့် အိမ်ခြေပေါင်း ၅၀၀၀ ရှိတဲ့ကျေးရွာတွေမှာဆိုရင် အများကြီးပိုလျှံနေပါတယ်။ အဲဒီမှာ အစိုးရကို ပေးရမှာ ၅၀၀ ကျပ်သာဖြစ်ပြီး ကျန်တဲ့ ၅၀၀ ကျပ်ကတော့ မီးလင်းရေးကော်မတီအတွက်ဖြစ်ပြီးတော့ ဒါကိုရှင်းတမ်းအနေနဲ့လည်း လုပ်ဆောင်ခြင်းမရှိပါဘူး။ ဒါကြောင့်မို့ ဒီလိုမျိုးအလွဲသုံးစားတွေ အများကြီး ကြုံတွေ့နေရတဲ့ မီးလင်းရေးကော်မတီတွေ၊ နောက် လုပ်ငန်းသုံးတွေဆိုပြီး ဆန်စက်၊ ဆီစက်တွေမှာ မီးလင်းရေးကော်မတီအနေနဲ့ ပူးပေါင်းပြီးတော့ တိုက်ရိုက်သွယ်တန်းတဲ့အတွက်ကြောင့်

မီတာခတွေမှာ ကွာဟမှုတွေကို ကျေးရွာပြည်သူများကပဲ စိုက်ထုတ်ရတာတွေလည်း ဒါကြုံတွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြို့နေပြည်သူတွေအတွက် မီတာတစ်လုံးကို တစ်သိန်းလောက်ပဲ ကျခံပေမယ့် ကျေးလက်နေပြည်သူတွေကတော့ လက်လုပ်လက်စားတွေဖြစ်ပြီးတော့ လယ်သမားတွေ ခက်ခက်ခဲခဲ စုဆောင်းထားတဲ့ငွေကြေးနဲ့ လျှပ်စစ်မီးရလိုတဲ့အတွက်ကြောင့် မတန်တဆငွေကြေးပေးပြီး မီးလင်းရေးကော်မတီကို အားကိုးတကြီးနဲ့ ပုံအပ်ခဲ့ရပါတယ်။ မီးလင်းရေးကော်မတီအဖွဲ့ရဲ့ မတရားလုပ်ဆောင်မှုကိုလည်း သိနေပေမယ့်လည်း အဆင့်ဆင့် အရေးယူဆောင်ရွက်ဖို့ဟာ လျစ်လျူရှုနေတဲ့အတွက်ကြောင့် ပြည်သူများ စိတ်သောကရောက်ခဲ့ရပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ လျှပ်စစ်ဥပဒေ အခန်း(၈)မှာဆိုရင် ပုဒ်မ ၃၅ ပုဒ်မခွဲ(က)မှာဆိုရင် ဝန်ကြီးဌာနသည် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို စီမံခြင်းနှင့် ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားကွန်ရက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်နိုင်ရန် သင့်လျော်တဲ့နေရာမှာ လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများကို လိုအပ်သလို ဖွဲ့စည်းရမည်ဟု ပါရှိပါတယ်။ ဒီနေရာမှာ လျှပ်စစ်ဌာနတွေ လိုအပ်ရင် မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်တွေမှာ ဒါ ထပ်ပြီးတော့၊ တိုးချဲ့ပြီးတော့၊ ဖွဲ့စည်းပြီးတော့ လျှပ်စစ်ကို ကိုင်တွယ်ရမှာ၊ ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃၆ ပုဒ်မခွဲ(ဃ)မှာကြည့်မယ်ဆိုရင် ဝန်ကြီးဌာနသည် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ခေတ်မီနည်းစနစ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ပေါ်ထွက်လာစေရန် လိုအပ်သော သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒီနေရာမှာ မီးလင်းရေးကော်မတီတွေသည် လျှပ်စစ်ကျွမ်းကျင်ပညာရှင်တွေနဲ့ ဖွဲ့စည်းထားတာမဟုတ်ပါဘူး။ ကျေးရွာထဲကနေပြီးတော့ တတ်သလောက်၊ မှတ်သလောက်နဲ့ ဖွဲ့စည်းထားတဲ့အတွက်ကြောင့် အင်မတန်မှ လက်လွတ်စပယ်လုပ်ဆောင်နေတာပဲ ဖြစ်ပါတယ်။ ပုဒ်မခွဲ(ဂ)မှာကြည့်မယ်ဆိုရင် လျှပ်စစ်ဓာတ်အားစနစ်ဖွံ့ဖြိုးမှုစီမံရေးဆောင်ရွက်ရာမှာ ကျေးလက်ဒေသမီးလင်းရေးလုပ်ငန်းဆောင်ရွက်တဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရမည်ဟု ဖော်ပြထားပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မီးလင်းရေးကော်မတီနဲ့ ပူးတွဲပြီးတော့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ လက်လွတ်စပယ်ပစ်ထားလို့ ဒါက တာဝန်ယူ၊ တာဝန်ခံမှု မရှိဘူးလို့ မီးလင်းရေးကော်မတီကို ဝန်ကြီးဌာနက တာဝန်ယူ၊ တာဝန်ခံပေးရမှာ ဖြစ်ပါတယ်။ အခန်း(၁၁)မှာဆိုရင် ပုဒ်မ ၄၃ မှာ ခွင့်ပြုမိန့်ထုတ်ပေးနိုင်တဲ့သူ၊ ခွင့်ပြုမိန့်ရရှိတဲ့သူဟာ စည်းကမ်းချက် သို့မဟုတ် ထုတ်ပြန်သောအမိန့်၊ ညွှန်ကြား

ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လို့ရှိရင် ဒဏ်ကြေးငွေပေးဆောင်ရမယ်။ (ခ) ခွင့်ပြုမိန့်ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းရန် သို့မဟုတ် ပယ်ဖျက်ခြင်း လုပ်ဆောင်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဒီလိုမျိုး စည်းကမ်းတွေ ဖောက်ဖျက်နေလို့ရှိရင် ပယ်ဖျက်ရမယ်။ ရပ်ဆိုင်းသင့်တယ်။ ပျက်အစဉ် ပြင်ခဏ ဆိုသလို ဒီအတိုင်းပျက်နေတာကို ကြာလို့ရှိရင် ပိုဆိုးလာတာပဲ ရှိပါတယ်။ အခန်း(၁၂)မှာဆိုရင် တားမြစ်ချက်(၁၀)ချက်ကို ကြည့်ခြင်းအားဖြင့် မီးလင်းရေးကော်မတီတွေ မလိုက်နာထားဘူးဆိုတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အခန်း(၁၆)မှာ ပုဒ်မ ၇၂ မှာဆိုရင် ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီမှုဖြင့် ထုတ်ပြန်နိုင်သည်။ ဝန်ကြီးဌာနအနေနဲ့ နည်းစနစ်တွေ၊ စည်းကမ်းချက်တွေကို မီးလင်းရေးကော်မတီကို ပြန်လည်ပြီးတော့ ပြင်ဆင်သင့်တယ်။ ဖျက်သိမ်းပြီးတော့ ပြန်လည်ပြီး ပြင်ဆင်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အစိုးရသစ်လက်ထက်မှာ နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်မီးကို မြို့ရွာကျေးလက်ဒေသပါမကျန် ရရှိစေရန် အားသွန်ခွန်စိုက်ကြိုးပမ်းနေတာကို ကြားသိရပါတယ်။ ပြည်သူအနေနဲ့နှစ်ပေါင်း ၁၀ စုမက ဖြစ်ပွားနေတဲ့ ကျေးလက်မီးလင်းရေးကော်မတီရဲ့ငွေအလွဲသုံးစားပြုလုပ်နေမှုကို ပြတ်ပြတ်သားသားအရေးယူစေချင်နေကြပါပြီ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုသာ အပြစ်ဖို့နေကြပြီး တကယ်တမ်းအလွဲသုံးစားလုပ်နေတာက လူတစ်စုတွေ ခြယ်လှယ်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး မီးလင်းရေးကော်မတီကို အလွဲသုံးစားလက်လွတ်စပယ် ထင်ရာစိုင်းပြီး ပြည်သူအပေါ် လုပ်ဆောင်နေခြင်းသည် သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းကို မထီမဲ့မြင်ပြုတဲ့ ဥပဒေကို မလေးမစားလုပ်နေတယ်လို့ပဲ မြင်မိပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းအနေနဲ့ သေချာစွာ စိစစ်ပေးပြီး ငွေကြေးများ ရှင်းလင်းစေပြီးမှ ကျေးလက်ဒေသမီးလင်းရေးကော်မတီကို ဖျက်သိမ်းပေးပါရန်နှင့် မူဝါဒများ၊ နည်းစနစ်ကောင်းများကို ချမှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှ ခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်းဆိုအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးညဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းရှိကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ အခုတင်သွင်းသွားတဲ့ ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ကျွန်တော် ပြည့်ပြည့်ဝဝ ထောက်ခံသွားမှာဖြစ်ပါတယ်။ ဘာကြောင့်ထောက်ခံရလဲဆိုရင် (၁) လျှပ်စစ်မီးနှင့်ဆက်စပ်ပြီးတော့ ပြည်သူလူထုအပေါ်မှာ ဖိစီးနေတဲ့ ဝန်ထုပ်ဝန်ပိုးများကို လျော့ပါးစေနိုင်တဲ့ အဆိုတစ်ရပ်ဖြစ်ကြောင်း တွေ့ရပါတယ်။ (၂) ပြည်သူလူထုကြားမှာဖြစ်ပေါ်နေတဲ့ မကျေနပ်မှုများကိုလည်း ပြေပျောက်စေနိုင်ပါတယ်။ (၃) ကျေးရွာလူထုတွေ စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်ပေးနိုင်မယ့်အဆို ဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် ကျွန်တော်ထောက်ခံရခြင်း ဖြစ်ပါတယ်။ လျှပ်စစ်မီးလင်းရေးကော်မတီ ဘယ်လိုပေါ်လာလဲဆိုတာကို ပဉ္စမပုံမှန် လွှတ်တော်အစည်းအဝေးကာလ ပဉ္စမနေ့မှာ ကျွန်တော် မေးခဲ့သော မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုဒုတိယဝန်ကြီး ဖြေကြားသွားတဲ့ဆီက ကျွန်တော်ပြန်ပြောင်းပြီးတော့ ပြောပြလိုပါတယ်။ မြန်မာလျှပ်စစ်ကဏ္ဍက သုံးခုရှိပါတယ်။ ထုတ်လုပ်ရေး၊ ဆက်သွယ်ရေးကို နိုင်ငံတော်စရိတ်နှင့် ကျခံဆောင်ရွက်ပြီးသွားတဲ့အချိန်မှာ ဖြန့်ဖြူးရေးကို လုပ်ဖို့အတွက်ကို ဘတ်ဂျက်မရှိတော့ဘူးလို့ ဖြေသွားတာ တွေ့ရပါတယ်။ အဲဒါကြောင့် တစ်နှစ်ကို ကျေးရွာ ၁၀ ရွာနီးပါးလောက်ပဲ မီးပေးနေရတာဖြစ်တဲ့အတွက်ကြောင့် အဲဒီကာလက မူဝါဒတစ်ရပ်ကို ချမှတ်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီမူဝါဒကတော့ ကျေးရွာသူကျေးရွာသားတွေက ကိုယ်အားကိုယ်ကိုးပြီးတော့ Distribution လို့ခေါ်တဲ့ ဖြန့်ဖြူးရေးလုပ်ငန်းကို စိုက်ထုတ်နိုင်ရင် အစိုးရလျှပ်စစ်မီးဌာနက မီးပေးမယ်ဆိုတဲ့ စီမံကိန်းလေးဖြစ်ပါတယ်။ အဲဒီလိုနည်းနဲ့ မီးလင်းရေးကော်မတီတွေပေါ်လာပြီးတော့ စည်းကမ်းချက်(၁၂)ချက် ချထားပေးတဲ့အထဲမှာ နံပါတ်(၁၂)မြောက်မှာ မီးစချိတ်လိုက်တာနဲ့ လျှပ်စစ်မီးဌာနက နေပြီးတော့မှ စီမံခန့်ခွဲမှုအဝဝကို အကုန်လုံးဆွဲယူလိုက်ပါတယ်။ သို့သော်လည်း အချက်(၉)မှာကတော့ အဲဒီလျှပ်စစ်ပစ္စည်းထိန်းသိမ်းစောင့်ရှောက်မှုတာဝန်ကို မီးရယူတဲ့ကျေးရွာကိုပဲ ပြန်ပေးလိုက်တာဖြစ်တဲ့အတွက်ကြောင့် ဒီရန်ပုံငွေလိုအပ်လာပြီးတော့ အစိုးရဆီက ၃၅ ကျပ်နဲ့ယူမယ်။ ပြန်ပြီးတော့မှ ၁၀၀ ကျပ်တို့၊ ၇၀ ကျပ်တို့နဲ့ရောင်းတယ်ဆိုတဲ့ မီးထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဆိုတာ ဖြစ်လာရပါတယ်။ အဲဒီကော်မတီနှစ်ခုက နံမည်သာပြောင်းသွားတာ။ လူကတော့ အတူတူပါပဲ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနကတော့ အဲဒီလိုလုပ်လိုက်ရတာ လူထုကို အလျင်အမြန် လျှပ်စစ်မီးရစေချင်တဲ့ စေတနာလို့ပြောခဲ့ပါတယ်။ အဲဒီတုန်းက။ ဒါပေမဲ့ ကျွန်တော်တို့ ပြန်တွေးကြည့်ရင် ထုတ်လုပ်တာကို နိုင်ငံတော်အနေနဲ့ရင်းတယ်။ ဆက်သွယ်တာကိုလည်း ရင်းတယ်။ ဖြန့်ဖြူးတဲ့လုပ်ငန်းကိုလည်း ရင်းရမယ့်နေရာကျမှ ပိုက်ဆံမရှိတော့လို့ လူထုက ဝင်ပြီးတော့ ရင်းပေးရတာ။ ကျေးဇူးတင်ရမှာ။ ဒါပေမဲ့ ပြောင်းပြန်ဖြစ်သွားတယ်။ လူထုက ကျေးဇူးပြောင်းပြန် ပြန်တင်ရသလို

ဖြစ်နေတယ်။ အဲဒီတော့ လူထုက ရင်းထားရပြီးတော့မှ အဲဒီအရင်းအနှီးဝိုင်းထည့်ပေးတဲ့ ပြည်သူလူထုက ၃၅ ကျပ်နဲ့သုံးရလားဆိုတော့ မဟုတ်ပြန်ဘူး။ အစိုးရသတ်မှတ်တဲ့နှုန်းနဲ့မသုံးရဘဲနဲ့ အခုနကမီးလင်းရေးကော်မတီတွေက ခေါင်းပုံဖြတ်ထားတဲ့ ၇၀ ကျပ်တို့၊ ၁၀၀ ကျပ်တို့နဲ့ သုံးရပြန်ပါတယ်။ အဲဒီတော့ မိအေး ၁၀ ခါနာမယ့်ကိန်းကြီးလိုသွားဆိုက်ပါတယ်။ ဒီမူဝါဒ အမှားကို ကျွန်တော်တို့ ဘယ်လိုနည်းနဲ့ ပြုပြင်မလဲဆိုတော့ လေ့လာကြည့်တဲ့အခါမှာ ဒီမီးလင်းရေးကော်မတီကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို အပ်ပေးလိုက်လို့လက်ခံလိုက်တာနဲ့ အဲဒီရွာတွေမှာ အဲဒီဘာပြဿနာမှမတက်တော့ဘဲရှင်းသွားပါမယ်။ အဲဒီမီးလင်းရေးကော်မတီတွေရဲ့ ပြဿနာတိုင်းကိုကြည့်ရင် ဒီရန်ပုံငွေကိုအခြေတည်ပြီးတော့ ဖြစ်နေတာပဲဆိုတာကိုတွေ့ရပါတယ်။ ကျွန်တော် အဲဒီ ၅ ရက်နေ့က မေးခွန်းမေးပြီးမကြာခင်မှာပဲ ကျွန်တော်နမူနာပြခဲ့တဲ့ ဝါခရုကျေးရွာရဲ့စာရင်းရှင်းတမ်းကို အမြန်လုပ်ခိုင်းတယ်လို့သိရှိရပါတယ်။ အဲဒီစာရင်းရှင်းတမ်းမှာပါတဲ့အချက်ကို ကျွန်တော် Power Point နဲ့ပြဖို့ပါပဲ။ ဒါပေမဲ့လို့ ကံမကောင်းစွာနဲ့ဘဲ ကျွန်တော့် Power Point ကပျက်သွားတဲ့အတွက်ကြောင့်ကျွန်တော်ဖတ်ပြပါမယ်။ အဲဒီမှာ မာတိကာခေါင်းစဉ်သုံးရပ်ပဲပါပါတယ်။ (၁) 200 KV၊ 400 KV၊ 11 KV ကုန်ကျစရိတ် ၅၇၉၀၀၀၀၊ (၂) ခွင့်ပြုမိန့်မအောင်မြင်(ပထမအကြိမ်) ကျပ်သိန်း ၄၀၀ ၊ (၃) ဒုတိယအကြိမ်ခွင့်ပြုမိန့် + အထွေထွေကုန်ကျစရိတ် သိန်း ၂၀၀ နှင့် ရွှေနှစ်ပိဿာ။ တကယ်ကို ကြက်သီးထဖို့ကောင်းပါတယ်။ အဲဒီကာလက ဖြစ်ပျက်ခဲ့တာဟာ။ အဲဒီမှာ ကျွန်တော်တစ်ခုတင်ပြချင်တာကတော့ ကျွန်တော်တို့ ဒီမှာဒီလိုဖြစ်ပျက်ခဲ့တာတွေကို မပြုပြင်တော့ဘူးလား။ တိုင်ကြားတဲ့ဟာတွေရောမဖြေရှင်းဘူးလား။ ဖြေရှင်းပေးပါတယ်။ အဲဒီလိုဖွဲ့စည်းတဲ့အချိန်မှာ ဒီကော်မတီတွေကို ဘာပြန်ပြောလဲဆိုရင် စာရင်းစစ်နဲ့စစ်။ အစိုးရအသိအမှတ်ပြုတဲ့ စာရင်းစစ်နဲ့ပြန်စစ်ပါ။ အဲဒီလိုစာရင်းမျိုးတွေ့ပါလျက်နဲ့ အင်မတန်မှတောကျတဲ့၊ စာမတတ်၊ ပေမတတ် တောသား၊ တိုင်လာတဲ့ပြည်သူကိုပဲပြန်ပြီးတော့ အစိုးရအသိအမှတ်ပြုတဲ့စာရင်းကိုင်နဲ့စစ်လို့ပြောမယ့်အစား အဲဒီမြို့နယ်အရာရှိ ဝန်ထမ်းတွေနဲ့ဖွဲ့စည်းလိုက်တဲ့ စစ်ဆေးရေးကော်မတီမှာပဲ စာရင်းစစ်ချုပ်အရာရှိဖွဲ့ပေးလိုက်ခြင်းအားဖြင့် ဒါကိုအရှုပ်ထုပ်ကိုဖြေရှင်းနိုင်မယ်လို့လည်း ကျွန်တော်အကြံပြုချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံပြောင်းလဲရေးကို ကနေ့ဦးဆောင်နေတဲ့ နိုင်ငံတော်အတိုင်ပင်ခံ၊ ကျွန်တော်တို့ရဲ့ခေါင်းဆောင်က ပြီးခဲ့တာဟာတွေကိုထား။ ရှေ့ကိုကောင်းအောင်၊ တိုင်းပြည်တိုးတက်အောင် ဘယ်လိုလုပ်မလဲ။ စဉ်းစားလုပ်လို့လည်း လမ်းညွှန်ခဲ့သလို တိုင်းပြည်နဲ့လူထုအကျိုးရှိမယ်ဆိုလို့ရှိရင် ရဲရဲလုပ်ကြလို့လည်း တိုက်တွန်းထားပြီးသားဖြစ်ပါတယ်။ အခုအဆိုက

နဂိုကတည်းက ဝန်ကြီးဌာနရဲ့အလုပ်ဆိုတာကို အဲဒီ ၅ ရက်နေ့မှာဖြေကြားပေးသွားတဲ့ ဝန်ကြီး ထည့်ပြောတဲ့စကားမှာပါပြီးသားပါ။ ထုတ်လုပ်တယ်၊ ဆက်သွယ်တယ်။ ပြီးသွားတဲ့အချိန်မှာ ချပေးဖို့ အတွက်ကတော့မှ နိုင်ငံတော်ရဲ့ဘတ်ဂျက်မလုံလောက်တဲ့အတွက်ကြောင့် ခုနကနည်းလေးပြောင်းပြီး တော့ပေးခဲ့တယ်လို့ ပါရှိပါတယ်။ အဲဒီတော့ ဒါဟာဘာပြတာလဲဆိုရင် ထုတ်လုပ်တာရော၊ ဆက်သွယ် တာရော၊ ဖြန့်ချိတာရောသည် ဝန်ကြီးဌာနလုပ်ငန်းကို ထင်ထင်ရှားရှားဝန်ခံပြီးသား ဖြစ်ပါတယ်။ ဒါကြောင့် ဒီဒေါ်မိကွန်ချမ်းရဲ့ အဆိုတင်လာတဲ့အချိန်မှာ ဟို ၅ ရက်နေ့က ကျွန်တော်မေးတဲ့မေးခွန်းနဲ့ တူသယောင်ထင်ရပါတယ်။ မဟုတ်ပါဘူး။ အမည်းချင်းသားတူပါတယ်။ ကျွန်တော့်ရဲ့ အဲဒီနေ့က တင်ခဲ့တဲ့ မေးခွန်းက ဥဩဌက်ကလေးဖြစ်ပြီးတော့ ဒေါ်မိကွန်ချမ်းရဲ့ ကနေ့တင်လာတဲ့အဆိုက ကျီးကန်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က အဲဒီကာလကမေးတုန်းက ဝန်ကြီးဌာနကို ရွေးချယ်ခိုင်းပါတယ်။ ကြိုက်တဲ့မူဝါဒတွေနဲ့ ရွေးချယ်ပြီးတော့ ဒီလိုပြဿနာတွေဖြေရှင်းပေးဖို့ ကျွန်တော်တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။ အခုဒေါ်မိကွန်ချမ်း တင်လာတဲ့အဆိုက ကျွန်တော့်နဲ့ မတူပါဘူး။ ဝန်ကြီးဌာနကလုပ်ငန်းပဲဖြစ်နေတဲ့အတွက် ဝန်ကြီးဌာနက အဲ့ဒီကျေးလက်မီးလင်းရေးကော်မတီတွေကို ဖျက်သိမ်းပြီးတော့ ကိုယ့်အလုပ်ကိုယ်လုပ်ခိုင်းတဲ့အဆိုဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် ကျွန်တော် ဥခဲ့တဲ့ဥကလေးကို ဝိုင်းဝန်းပြီးတော့ အကောင်ပေါက်အောင်ဝပ်ပေးမယ့်အဆိုကို ကျွန်တော်အများ ပြည်သူရဲ့အကျိုးစီးပွား ရှေ့ရှုပြီးတော့ ထောက်ခံရခြင်းဖြစ်ပါတယ်။ ကျွန်တော့်နည်းတူပဲ အခြား ကိုယ်စားလှယ်များကလည်းပဲ ကိုယ်တွေ့ကြုံခဲ့တဲ့ကိုယ့်ဒေသက မီးလင်းရေးကော်မတီရဲ့ပြဿနာ များကို ဖြေရှင်းပေးလိုတဲ့ စေတနာနဲ့ ဝိုင်းဝန်းထောက်ခံပေးကြပါလို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)နည်းဥပဒေခွဲ ငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မိကွန်ချမ်း ပေါင်မဲဆန္ဒနယ်က တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိ ရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့်ပတ်

သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၇-၈-၂၀၁၇ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦးကို ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သနပ်ပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့်အစီရင်ခံစာ(၂/၂၀၁၇)ကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာကို နိဒါန်း၊ ရည်ရွယ်ချက်၊ ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ၊ သုံးသပ်ချက်များ၊ အကြံပြုချက်များ၊ နိဂုံးဆိုပြီးတော့ ခေါင်းစဉ်ခြောက်ခုနဲ့တင်ပြထားတာကို လေ့လာ တွေ့ရှိရပါတယ်။ ကော်မတီရဲ့ဆောင်ရွက်ချက်များမှာ စတုတ္ထပုံမှန်အစည်းအဝေးမှာ ပြည်သူ့ လွှတ်တော်အစည်းအဝေး (၁၉)ရက်ကျင်းပခဲ့တဲ့အခြေအနေမှာ ကော်မတီအစည်းအဝေးကို ၁၂ ကြိမ်

ပြုလုပ်ခဲ့တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ကော်မတီရဲ့ဆောင်ရွက်ချက်ထဲက သီးခြားဆောင်ရွက်ချက်အနေဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ ကျွန်တော် သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး တင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်းပြီးတော့ ကျွန်တော့်ရဲ့တင်ပြချက်ပေါ်မှာ ဆောင်ရွက်ချက်ကို ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့မှာ အတည်ပြုခဲ့တာဖြစ်ပါတယ်။ အတည်ပြုခဲ့တာကတော့ ပဲခူးကန်တော်ကြီးရေဝေရေလဲဒေသနှင့် ပတ်သက်တဲ့အဆိုပဲ ဖြစ်ပါတယ်။ ဒီအဆိုကို တင်သွင်းပြီးတဲ့နောက် အတည်ပြုပြီးတဲ့နောက်မှာ ခြောက်လခန့်ကြာတဲ့အထိ အရေးယူဆောင်ရွက်တာမရှိတဲ့အတွက် ပြည်သူလူထုတွေက ကျွန်တော့်ဆီကို မေးမြန်းလာတာတွေရှိပြီးတော့ ဒီအဆိုအတိုင်းမဟုတ်ဘဲနဲ့ ဆန့်ကျင်ဆောင်ရွက်နေတာကို လေ့လာတွေ့ရှိရတဲ့အတွက် စိုးရိမ်လာတာတွေ့ရှိရပါတယ်။ အဲဒီအခါမှာ ကျွန်တော်က အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် တင်ပြခဲ့ပါတယ်။ အဲဒီတင်ပြတဲ့တင်ပြချက်အပေါ်မှာ ဇူလိုင်လ ၁၃ ရက်နေ့က ကော်မတီမှာခေါ်ယူပြီးတော့ ကျွန်တော့်ကို ဆွေးနွေးခဲ့ပါတယ်။ နောက် ၁၄ ရက်နေ့မှာတစ်ကြိမ် ကော်မတီမှာခေါ်ယူပြီးဆွေးနွေးခဲ့ပါတယ်။ ၁၄ ရက်နေ့မှာ ဆွေးနွေးတဲ့အခါကျတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ တာဝန်ရှိသူကိုသာ ဖိတ်ကြားပြီးတော့ ညှိနှိုင်းဆောင်ရွက်ခဲ့တာရှိပါတယ်။ အဲဒီလိုဆောင်ရွက်ပြီးတဲ့အခါမှာ ၁၅ ရက်နေ့ကျတော့ ကော်မတီကပုဂ္ဂိုလ်တွေအပါအဝင် ကျွန်တော်တို့ပါပါဝင်ပြီးတော့၊ ဒေသကိုကွင်းဆင်းပြီးတော့ စစ်ဆေးခဲ့တာရှိပါတယ်။ အဲလိုစစ်ဆေးခဲ့တဲ့အခါမှာ တွေ့ရှိချက်တွေကိုလည်း ကော်မတီက အသေးစိတ်တင်ပြထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်တို့ ကွင်းဆင်းပြီးတော့ လေ့လာကြည့်ရှုခဲ့တဲ့အခြေအနေပဲဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ၁၅ ရက်နေ့မှာသွားပြီးတော့ နောက်ဆုံး တဲတွေကိုဖျက်သိမ်းရမယ်လို့ အစိုးရက အမိန့်ထုတ်ထားသော်လည်း လိုက်နာခြင်းမရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကတော့ လေ့လာတွေ့ရှိတဲ့အခါမှာ အလုပ်သမားတွေဟာ ပုံမှန်ပဲ သစ်ပင်တွေစိုက်တာတို့၊ ပေါင်းသင်တာတို့ လုပ်ကိုင်ဆောင်ရွက်နေတာ ခြံစည်းရိုးကာတာတွေကို ကျွန်တော်တို့ မျက်မြင်တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ ဒါကလည်း အလုပ်သမားတွေလုပ်နေတဲ့ အနေအထားပဲ ဖြစ်ပါတယ်။ ဒါကတော့ အခိုင်အမာ အဆောက်အအုံတွေကို နဂိုအတိုင်းပဲ တွေ့ရှိရ

တာဖြစ်ပါတယ်။ ဒါကလည်း အခိုင်အမာအဆောက်အအုံတွေပဲဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။

အဲဒီတော့ ကျွန်တော်တို့ သွားရောက်ပြီးတော့ လေ့လာတဲ့အခါမှာ အဆိုမှာပါတဲ့အတိုင်း မဟုတ်ဘဲနဲ့ ဆောင်ရွက်ထားတာကို ကျွန်တော်တို့ လုံးဝမတွေ့ရှိရတဲ့အခါမှာ ဒီလိုအစီရင်ခံစာမှာထည့်ပြီးတော့ အသေးစိတ်ဖော်ပြထားတာကို တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်နဲ့အတူတူပဲ ဒီမှာ ကျောက်တန်းမဲဆန္ဒနယ်က ဒေါ်အေးမြမြမျိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီးတော့ ကတိဖြစ်တဲ့ဟာကို လက်တွေ့ဆောင်ရွက်ခြင်းမရှိသေးတာကိုလည်း ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ အဲဒီကနေပြီးတော့ ကော်မတီရဲ့အကြံပြုချက်၊ သုံးသပ်ချက်တွေကိုလည်း ကျွန်တော်တို့ လေ့လာရပါတယ်။ အဲဒီမှာ ကော်မတီရဲ့သုံးသပ်ချက်မှာ ကော်မတီသည် ကတိဖြစ်ခဲ့သောလုပ်ငန်းဆောင်ရွက်မှုများအား ဝန်ကြီးဌာနက နောက်ဆုံးမည်သို့မည်ပုံဆောင်ရွက်ထားသည်ကို လစဉ်လဆန်း ၁ ရက်နေ့တိုင်းတွင် ကော်မတီသို့ အစီရင်ခံစာတင်ပြရန် အကြောင်းကြားထားပါသည်။ သို့သော်လည်း ဝန်ကြီးဌာနအချို့က အချိန်မီ အကြောင်းပြန်ကြားမှုအားနည်းလျက်ရှိတာကို သုံးသပ်တွေ့ရှိရတယ်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်ရဲ့မေးခွန်းများနှင့်ပတ်သက်လို့ ကတိဖြစ်တာရယ်။ အဆိုများရဲ့ အတည်ဖြစ်တဲ့ နှစ်မျိုးရှိပါတယ်။ အဆိုများကို အတည်ဖြစ်တာကတော့ အခြေခံဥပဒေပုဒ်မ ၂၂၈(က)မှာ ဖော်ပြထားတာရှိပါတယ်။ အဲဒါကတော့ ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ချမှတ်သည့် အုပ်ချုပ်ရေးဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ မိမိ၏ အရေးယူဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်အစီရင်ခံရမယ်လို့ အတိအကျ ဖော်ပြထားပါတယ်။ ဒါကြောင့်မို့လို့ အဆိုများ၊ ကတိများနှင့်ပတ်သက်လို့ ပြည်ထောင်စုအစိုးရအနေနဲ့ အချိန်မီ အကြောင်းပြန်ပေးဖို့၊ ဆောင်ရွက်ပေးဖို့ကို ဖော်ပြထားတာဖြစ်ပါတယ်။ နောက်တစ်ခါ အကြံပြုချက်ထဲမှာ ဖော်ပြထားတာကလည်း ကျွန်တော်ခုနက ဖော်ပြခဲ့သလိုပဲ ကော်မတီကို ဆောင်ရွက်ခြင်းမရှိတဲ့၊ လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ တင်ပြပြီးတော့ အကြံဉာဏ်တောင်းယူမယ်ဆိုလို့ရှိရင် ညှိနှိုင်းဆောင်ရွက်တာတွေဟာ အဆင်ပြေထိရောက်ကြောင်းပြောကြားရင်းနဲ့။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ရှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် တတိယပုံမှန်အစည်းအဝေးမှ အဆိုလေးခုနှင့် စတုတ္ထပုံမှန်အစည်းအဝေးမှအဆိုတစ်ခုတို့မှာ မှတ်တမ်းတင်စောင့်ကြည့်ရမည့်အဆိုများဖြစ်ကြောင်း ပြည်သူ့လွှတ်တော်သို့ ၂၂-၅-၂၀၁၇ ရက်နှင့် ၉-၈-၂၀၁၇ ရက်နေ့တို့တွင် အစီရင်ခံခဲ့သော်လည်း မည်သို့မည်ပုံစောင့်ကြည့်တွေ့ရှိရကြောင်း တစ်စုံတစ်ရာတင်ပြထားသည်ကို မတွေ့ရှိရပါဘူး။ ဒါကြောင့်မို့လို့ ကော်မတီသည် မှတ်တမ်းတင်စောင့်ကြည့်ရန်အဆိုများနှင့်ပတ်သက်၍ ထူးခြားသည့်စောင့်ကြည့်လေ့လာတွေ့ရှိချက်များကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်မိန့်ကြားသကဲ့သို့ ပြဿနာတစ်ရပ်ကို လိုရာဆွဲ၍မကြည့်ဘဲနဲ့ ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်ပြီး ဆုံးဖြတ်ဆောင်ရွက်နိုင်ရန်အလို့ငှာ အစီရင်ခံစာတွင်ထည့်သွင်းဖော်ပြအစီရင်ခံသင့်ကြောင်း အောက်ပါအတိုင်း ကျွန်တော်အပါအဝင်ဆွေးနွေးခဲ့သော မှတ်တမ်းတင်စောင့်ကြည့်ရမည့်အဆိုတစ်ရပ်ကို သာဓကဆောင်၍ အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးသည် ၁၈-၁၁-၂၀၁၆ ရက်နေ့ တတိယပုံမှန်အစည်းအဝေးတွင် အရက်ချက်စက်ရုံများသည် စွန့်ပစ်သည့်ရေဆိုးများကို ပြည့်စုံသည့်သန့်စင်စနစ်(Biological Treatment Plan) ပြုလုပ်ပြီးမှသာ ထုတ်လုပ်ခွင့်ပြုရန် အဆိုတစ်ရပ်တင်သွင်းခဲ့ပြီး ၂၉-၁၁-၂၀၁၆ ရက်နေ့မှာ ကျွန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးမှ ဆွေးနွေးကြ၍ သက်ဆိုင်ရာဝန်ကြီးဌာနက မှတ်တမ်းတင်ပေးရန်နှင့် အဆိုရှင်ကမှတ်တမ်းတင်စောင့်ကြည့်ပေးရန် တင်ပြခဲ့ပါတယ်။ လွှတ်တော်မှ မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တွေကလည်း ဒီကိစ္စနှင့်စပ်လျဉ်းပြီး မျက်ခြေမပျက်စောင့်ကြည့်ပေးဖို့လိုပါတယ်။ ရှေ့ဆက်စောင့်ကြည့်သွားမယ်ဆိုမယ်ဆိုတာကို လွှတ်တော်ကို ရှင်းလင်းတင်ပြပါတယ်လို့ မိန့်ကြားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံများကို ဒေသခံလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် စောင့်ကြည့်ခဲ့ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒီပုံတွေမှာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ စောင့်ကြည့်ခဲ့တဲ့ မှတ်တမ်းဓာတ်ပုံများ အဲဒီလိုစောင့်ကြည့်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာ စက်ရုံတွေကနေပြီးတော့ ဆောင်ရွက်နေတဲ့ကြားကနေပြီးတော့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးက စာဖြင့်ထုတ်ပြီးတော့ ဒီစက်ရုံတွေကို ပိတ်သိမ်းဖို့ သတိပေးထားတဲ့ အနေအထား။ အဲဒီလို သတိပေးထားတဲ့အနေအထားမှာ ကျွန်တော်တို့စက်ရုံမှာ လုပ်နေတဲ့ ထောင်ချီ တဲ့လုပ်သားတွေဟာ မိမိတို့ရဲ့ စားဝတ်နေရေးအတိဒုက္ခရောက်မှာကို ကြောက်ပြီးတော့ ကျွန်တော်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် နိုင်ငံတော်အကြီးအကဲများကို တင်ပြပေးဖို့လက်မှတ် ရေးထိုးထားတဲ့စာတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ Power Point တွေကို ဆက်တိုက်တင်ပြပေးပါ ခင်ဗျား။ အခုဒါဆိုလို့ရှိရင် ကျွန်တော်တို့ ငါးဇကပေါ်မှာ ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အတိုင်း။ ဆက်ပြပေးပါ။ ဆက်တိုက်ပြပေးပါ။ ဒီမှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ သံကူကွန်ကရစ်နဲ့လုပ်တယ်။ သုံးလက်မထူရှိတဲ့ ကွန်ကရစ်တွေကိုလောင်းတယ်။ လောင်းပြီးတဲ့အခါ ကျတော့ ပိုးမွေးမြူရေးကန်တွေကို တည်ဆောက်တယ်။ စသည်အားဖြင့် ကျွန်တော် တို့စောင့်ကြည့်တဲ့ အခါမှာ မှတ်တမ်းဓာတ်ပုံများ တွေ့ရပါတယ်။ ဒီလို လွှတ်တော်ရဲ့အဆုံးအဖြတ်အတိုင်း စောင့်ကြည့် နေတဲ့ကြားကနေပြီးတော့မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဒီစက်ရုံတွေကို ပိတ်သိမ်းဖို့ သတိပေးလာတဲ့အတွက်ကြောင့် စက်ရုံလုပ်သားများက ထောင်ချီပြီးတဲ့ အခါကျတော့ ဒါဟာစိုးရိမ်ရတဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့် လက်မှတ်တွေ ရေးထိုးပြီးတင်ပြလာတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အထက်ပါတင်ပြချက်များအရ မှတ်တမ်း တင်စောင့်ကြည့်ရမည့်အဆိုကို ကတိအဖြစ်အတည်ပြုထားသည့်အဆိုကဲ့သို့ ဆောင်ရွက်ခြင်းမပြုရန်၊ ထောင်ချီပြီးရှိသည့် ရွှေအိုးအရက်ချက်စက်ရုံပါ ရွှေပြည်သာစက်မှုဇုန်(၁)ရှိ အရက်ချက်စက်ရုံငါးရုံမှ လုပ်သားများ အလုပ်လက်မဲ့ဖြစ်၍ မိသားစုစားဝတ်နေရေး၊ ပညာရေး၊ အတိဒုက္ခမရောက်စေရန် ရွှေအိုးအရက်ချက်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများမှ မနှစ်က နိုင်ငံတော်အတွက် ကျပ်သန်း လေး ဘီလီယံကျော်ရရှိခဲ့ပြီးတော့ ယခုနှစ် ယခုအချိန်ထိ ကျပ်သန်းနှစ်ဘီလီယံကျော်ရရှိပြီးဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာများမဆုံးရှုံးစေရန်၊ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်၏အဆုံးအဖြတ် အတိုင်း Biological Treatment Plan ကို အပူတပြင်းဆောင်ရွက်အကောင်အထည်ဖော်နေတဲ့အချိန် မှာ လောလောဆယ်အနေအထားမှာလည်းပဲ ပျော့ဖက်များကို ဝက်စာရောင်းပြီးတော့ ရေဆိုးများ ကို Water Treatment Plan နဲ့ ဆောင်ရွက်ထားတဲ့အတွက်ကြောင့် အရင်ကကဲ့သို့ အနံ့ဆိုးများ

မရှိတော့တဲ့အနေအထားကို ရောက်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့လွှတ်တော်က ဆုံးဖြတ်ထားတဲ့ဆုံးဖြတ်ချက်အတိုင်း စောင့်ကြည့်တဲ့၊ လေ့လာတဲ့အခါမှာ ဆောင်ရွက်နေတာကို တွေ့ရှိရတဲ့အတွက်ကြောင့် ရွှေပြည်သာစက်မှုဇုန်(၁)ရှိ ရွှေအိုးအရက်ချက်စက်ရုံပါ အရက်ချက်စက်ရုံငါးရုံအား သက်ဆိုင်ရာအဆောက်အအုံတွေကို Biological Treatment Plan တွေကို တည်ဆောက်ရန် အနည်းဆုံးလိုအပ်တဲ့အချိန်ပမာဏအတွင်း ပြီးစီးအောင်လုပ်/မလုပ် စောင့်ကြည့်ပြီးတော့ လွှတ်တော်ဆုံးဖြတ်ချက်အတိုင်း မလိုက်နာမဆောင်ရွက်မှသာ စက်ရုံများကို ပိတ်သိမ်းသင့်ကြောင်း လိုအပ်သလို ထိန်းညှိဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ ကော်မတီ၏အစီရင်ခံစာအပေါ် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အပြုသဘောအကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်မြဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မြဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မြဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏သုံးသပ်ချက်မှာ ကတိဖြစ်ခဲ့တဲ့လုပ်ငန်းဆောင်ရွက်မှုများအား ဝန်ကြီးဌာနအချို့ အချိန်မီအကြောင်းကြားမှု အားနည်းလျက်ရှိကြောင်း၊ ဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသဖြင့်လည်းကောင်း၊ ကိုယ်စားတက်ရောက်ဖြေဆိုရတဲ့အတွက်လည်းကောင်း၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများအရလည်းကောင်း အကြောင်းပြချက်များနှင့် လုပ်ငန်းများ ဆောင်ရွက်ရန် ငြင်းဆိုခြင်းများရှိကြောင်း တွေ့ရှိရပါတယ်။ ကော်မတီ၏အကြံပြုချက်များတွင် ကတိဖြစ်ခဲ့တဲ့မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို လွှတ်တော်သို့ အစီရင်ခံစာတင်ပြနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများအနေနဲ့ နားလည်တတ်ကျွမ်းသူ၊ တာဝန်ယူ၊ တာဝန်ခံနိုင်သူများစေလွှတ်ရန် ကတိဖြစ်ခဲ့သည့်အတိုင်း သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ရန်၊ ကတိဖြစ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များ၏မေးခွန်းများကို စီမံကိန်းရေးဆွဲရာ

တွင် ဦးစားပေးဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲရန် အကြံပြုထားတာတွေ့ရပါတယ်။ ကော်မတီ၏ သုံးသပ်ချက်၊ အကြံပြုချက်များမှာ သင့်လျော်မှန်ကန်မှုရှိကြောင်း ပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၈၃ ခု အနက် ကတိဖြစ်ခဲ့တဲ့မေးခွန်း ၄၉ ခုရှိရာ ၁၂ ခုသာဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၂၄ ရာခိုင်နှုန်းသာဆောင်ရွက်ခဲ့ကြောင်း တွေ့ရပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်း အဝေးမှ ကြယ်ပွင့်မပြမေးခွန်းပေါင်း ၂၆၇ ခုအနက် ကတိဖြစ်ခဲ့တဲ့မေးခွန်း ၁၄၉ ခုရှိရာမှာ ၄၇ ခုသာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၃၁ ရာခိုင်နှုန်းသာဆောင်ရွက်ခဲ့ကြောင်း တွေ့ရ ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကတိကဝတ်များဖော်ဆောင်ရာမှာ အားနည်းနေသေးကြောင်း တွေ့ရပါတယ်။ လွှတ်တော်၏မေးခွန်းများအပေါ် ကတိကဝတ်များကို ဖော်ဆောင်ရာမှာ အလေးအနက် ထားဆောင်ရွက်စေလိုကြောင်း အကြံပြုလိုပါတယ်။ လွှတ်တော်၏မေးခွန်းများကို ဖြေကြားရာမှာလည်း အလေးအနက်ထားဖြေကြားဖို့ အကြံပြုလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဥပမာတစ်ခု တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါ အများပြည်သူနှင့်သက်ဆိုင်တဲ့နေရာတွေ၊ အများပြည်သူ ပိုင်လမ်း၊ အများပြည်သူအသုံးပြုရမယ့်နေရာတွေကို တစ်ဦးတည်းတစ်ယောက်တည်းက မောင်ပိုင်စီး ပြီးတော့၊ အသုံးပြုပြီးတော့ စီးပွားဖြစ်ကျူးကျော်ထားတဲ့အမိုးအဖီတွေကို ရှင်းလင်းပေးဖို့ မေးမြန်းထား တာ ဖြစ်ပါတယ်။ မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပူးပေါင်းရှင်းလင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားထားတာဖြစ်ပါတယ်။ ဒါက ရေမြောင်းပေါ်မှာ အခိုင်အမာကျူးကျော်ထားတဲ့ မြေညီတိုက်ခန်းဖြစ်ပါတယ်။ ဒါက နောက်ဖေး လမ်းကြားမှာ ပစ္စည်းတွေသိုလှောင်စုပုံထားတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း အများပြည်သူအသုံးပြုနိုင်တဲ့ လမ်းမပေါ်မှာ ဥပဒေမဲ့ကျူးကျော်ထားတဲ့ မြေနီကျင်းများဖြစ်ပါတယ်။ ဒါက ရေမြောင်းဖြစ်ပါတယ်။ ရေမြောင်းအပေါ်မှာ အဆောက်အဦကို ကျူးကျော်တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီဟာက ကျွန်တော်တို့မြို့နယ်မှာတင်မဟုတ်ပါဘူး။ ကြပ်ညှပ်ပိတ်သိပ်နေတဲ့ ရန်ကုန်မြို့က မြို့နယ်တော်တော် များများမှာ ဒီအခြေအနေတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့က မြေညီထပ်ဆိုင်ခန်းတွေကို ကျူးကျော်အဆောက်အဦတွေကို ဖျက်သိမ်းဖို့ဆိုရင် အကုန်လုံးဖျက်သိမ်းခိုင်းတာမဟုတ်ပါဘူး။ ရေမြောင်းအတွင်းနှုတ်ခမ်းအထိ နောက်ဆုပ်ပေးဖို့ ကျွန်တော်တို့ တောင်းဆိုတာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် ရေစီးရေလာကောင်းမွန်ဖို့၊ သန့်ရှင်းရေးဆောင်ရွက်ဖို့၊ မြို့နယ်လူထုကျန်းမာရေးဆောင်ရွက်ဖို့အတွက် လုပ်တဲ့နေရာမှာ

ဒီကျူးကျော်အမိုး၊ အဖီတွေက အခက်အခဲဖြစ်နေပါတယ်။ ဒါကြောင့် နှစ်ဖက်မျှတအောင်၊ အများပြည်သူလည်း အသုံးပြုလို့ရအောင် သူတို့ကျူးကျော်ထားတဲ့အမိုး၊ အဖီတွေကို ရေမြောင်း အတွင်း နှုတ်ခမ်းအထိ နောက်ဆုပ်ပေးဖို့ မေးခွန်းမေးမြန်းထားခြင်းဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူလူထုရဲ့လိုအပ်ချက်တွေ၊ အခက်အခဲတွေ၊ ပြဿနာတွေ ဖြေရှင်းနိုင်ဖို့အတွက် မေးခွန်းများမေးမြန်းရခြင်းဖြစ်ပါတယ်။ ဥပဒေနှင့်မညီတဲ့ကိစ္စတွေ၊ မတရားမှုတွေ၊ လွဲမှားနေတဲ့အကြောင်းအရာတွေကို တည့်မတ်နိုင်ရန်၊ ထိန်းကျောင်းနိုင်ရန်၊ အကြံပြု နိုင်ရန်အတွက် မေးခွန်းများမေးမြန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ လွှတ်တော်ကိုယ်စားလှယ်များ မေးတဲ့မေးခွန်းတွေကို အလေးအနက်ထားဆောင်ရွက်ပေးဖို့၊ နောက် မေးခွန်းများဖြေဆိုရာမှာ တကယ် စားပွဲပေါ်မှာထိုင်ပြီးတော့ အောက်ခြေကရေးပေးတဲ့အတိုင်း လွှတ်တော်မှာ လာဖတ်ပြရုံနဲ့တော့ ကျွန်တော်တို့ အမှန်တရားနဲ့ဝေးနေမှာဖြစ်ပါတယ်။ ပြဿနာတွေ ပြေလည်သွားမှာမဟုတ်ပါဘူး။ ပြည်သူ့ဆန္ဒကိုလည်း ဖြည့်ဆည်းနိုင်မှာမဟုတ်ပါဘူး။ အဲဒီတော့ သေချာကွင်းဆင်းစစ်ဆေးပြီးတော့ ဖြေကြားဖို့ လိုပါတယ်။ မဟုတ်ရင် ကျွန်တော်တို့ မေးခွန်းများက ပြည်သူလူထုရဲ့ဆန္ဒနှင့် ပြည်သူလူထု လိုချင်တဲ့ရလဒ်တွေနဲ့ လွဲချော်နေတာ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့မေးခွန်း များကို အလေးအနက်ထားပြီးတော့ သေချာကွင်းဆင်း စစ်ဆေးစုံစမ်းအရေးယူပေးဖို့ရယ်၊ လွှတ်တော် ရဲ့ကတိကဝတ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ အကြံပြုအပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် အစိုးရ၏အာခမံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည် ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု အစီရင်ခံစာနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝင်းအောင်(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီဟာ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးထိ အတည်ပြုခဲ့တဲ့အဆိုများနှင့် ရှင်းလင်းချက်များ၊ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းများနဲ့ ကြယ်ပွင့်မပြမေးခွန်းများကို စိစစ်၍သုံးသပ်ချက်များ၊ အကြံပြုချက်များပါရှိတဲ့ ကော်မတီ၏အစီရင်ခံစာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ဖြစ်သော ၉-၈-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါအစီရင်ခံစာနဲ့ပတ်သက်၍ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းကို ၉-၈-၂၀၁၇ ရက်နေ့မှ ၁၀-၈-၂၀၁၇ ရက်နေ့အထိ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခဲ့ရာမှာ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မြေမှ ဦးဉာဏ်လင်း၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးတို့ ပုဂ္ဂိုလ်သုံးဦးကနေပြီး အမည်စာရင်းတင်သွင်းခဲ့ပြီးတော့ ယနေ့ကျင်းပတဲ့ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးခဲ့ကြပါတယ်။ အခုလိုဆွေးနွေးခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါတယ်။ ထိုကဲ့သို့ ကော်မတီရဲ့အစီရင်ခံစာနဲ့ပတ်သက်၍ ဆွေးနွေးအကြံပြုချက်များကို ကော်မတီကနေပြီးတော့ မှတ်တမ်းတင်ထားရှိမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဆွေးနွေးခဲ့တဲ့ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းရဲ့ဆွေးနွေးချက်နဲ့ပတ်သက်လို့ ကျွန်တော်ပြန်လည်ဆွေးနွေးရမယ်ဆိုရင် ကျွန်တော်တို့ကော်မတီရဲ့ အစီရင်ခံစာ စာမျက်နှာနံပါတ်(၆)မှာ အကြံပြုချက်များ အပိုဒ် ၁၆ မှာပါပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်မှာကတိအဖြစ် သတ်မှတ်ပြီးတဲ့ မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းနေ၍ဖြစ်စေ၊ ဝေဖန်ထောက်ပြစရာရှိ၍ဖြစ်စေ၊ အခြားသောအကြောင်းတစ်စုံတရာရှိ၍ဖြစ်စေ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(စ)အရ လွှတ်တော်

သို့ မေးခွန်းထပ်မံမေးမြန်းခြင်းမျိုးမပြုဘဲနဲ့ ကော်မတီနဲ့ဆက်သွယ်တိုင်ကြားပေးစေလိုပါတယ်။ ဒါမှ သာလျှင် ကော်မတီမှ ကတိပြုထားတဲ့သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ချိတ်ဆက်ညှိနှိုင်းကာ လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လုပ်ငန်းများပြီးစီးတဲ့အခြေအနေ အမှန်ကို သိရှိရန်အတွက် ကော်မတီမှသက်ဆိုင်ရာဒေသများကို သွားရောက်တိုက်ဆိုင်စစ်ဆေးရန်ကိစ္စ ရပ်မှာတော့ လက်တွေ့မှာလွယ်ကူသည်တော့မဟုတ်ပါ။ သို့သော် အငြင်းပွားဖွယ်၊ အထင်မှားဖွယ်ကိစ္စ များဖြစ်ပေါ်လာပါက ကွင်းဆင်းစစ်ဆေးဆောင်ရွက်မည်ဖြစ်ပါကြောင်း ကျွန်တော်တို့ ဒီမှတ်တမ်း ထဲမှာပါရှိပါတယ်ခင်ဗျား။

သို့ပါ၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)နှင့်အညီ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာအမှတ်(၂/၂၀၁၇)ကို ပြည်သူ့လွှတ်တော်မှ သဘောတူလက်ခံ၍ အတည်ပြုပေးပါရန် လေးစားစွာဖြင့်အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန် ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနတွေက လွှတ်တော်မှာအာမခံချက်ပေးပြီးတဲ့၊ ကတိပြု ပြီးတဲ့၊ တာဝန်ခံချက်ပေးပြီးတဲ့ကိစ္စတွေကို ကော်မတီတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ထိထိရောက်ရောက်ကြိုးစားပေးရန် ပြောကြားလိုပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)


**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီ အချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၅) ရက်မြောက်နေ့
# (၁၆.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဦးဝင်းသိန်းဇော်
(ဆားလင်းကြီး မဲဆန္ဒနယ်)



ဦးအောင်ကျော်ကျော်ဦး
(လှိုင် မဲဆန္ဒနယ်)



ဦးခင်ချို
(လှိုင်းဘွဲ့ မဲဆန္ဒနယ်)



ဒေါ်နန်းခမ်းအေး
(နမ္မတူ မဲဆန္ဒနယ်)



ဦးထွန်းဝေ
(ဖောင်းပြင် မဲဆန္ဒနယ်)



ဦးနေမျိုးထက်
(ကျောက်တံတား မဲဆန္ဒနယ်)



ဗိုလ်ချုပ်မြင့်နွယ်
ကာကွယ်ရေးဝန်ကြီးဌာန



ဒေါက်တာထွန်းနိုင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်